# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ -၁၈၂)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၀၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဧက ၃၄၄၈၀ စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံဧက ၃၄၄၈၀ စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၁၃၈၉၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ၁၂၃၆ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက၊ မုန်ညင်း ၃၅၇ ဧက စုစုပေါင်း ၃၄၈၆၄ ဧက စိုက်ပျိုးရန် လျာထားစိုက်ပျိုးလျက်ရှိရာ မြေပဲ ၁၄၂၃၉ ဧက၊ နှမ်း ၁၄၀၃၆ ဧက၊ နေကြာ ၅၂၃ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက၊ မုန်ညင်း ၃၆၅ ဧက စုစုပေါင်း ဧက ၃၄၄၈၀ ( ၉၈ ဒသမ ၈၉) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

**ယနေ့ ဖတ် စ ရာ**



**ကျိုင်းတုံမြို့ ကျိုင်းဖောင်းရေပူစမ်း၌ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကား**

ပြည်တွင်းသတင်း စာ ၇

**ရှေးဟောင်းဝတ္ထုပစ္စည်းများအား နိုင်ငံတော်သို့ အပ်နှံပါက ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်လျက်ရှိ**

ဆောင်းပါး စာ ၁၀

**လေးပွင့်ဆိုင်လုံခြုံရေးမိတ်ဖက်နိုင်ငံများအဖွဲ့ (QUAD) နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကျင်းပရန် ဂျပန်စီစဉ်**

နိုင်ငံတကာသတင်း စာ ၁၄

**အထက်မင်းလှမြို့နယ်၌ ခရမ်းချဉ်သီးနှံ စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရ**

စီးပွားရေးသတင်းများ စာ ၁၅

**ထူးခြားသည့် ညအပူချိန်များ**

၁၃-၁-၂၀၂၅

| | | |
|---|---|---|
| နမ့်စန်မြို့ | ၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါးမြို့ | ၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၂ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင်မြို့ | ၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်းမြို့ | ၅ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအိုမြို့ | ၆ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းဆတ်မြို့ | ၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီးမြို့ | ၇ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘောမြို့ | ၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

မြန်မာ့အလင်း

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာ၊ နည်းပညာ

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးအရင်းအနှီး (Capital) ၊လူ့လုပ်အား (labour) နှင့် မြေယာ (land) တစ်နည်းအားဖြင့် သဘာဝသယံဇာတများဟူသည့် အရင်းအမြစ်သုံးမျိုးအပြင် အတတ်ပညာနှင့် နည်းပညာသည် စတုတ္ထမြောက် အရေးပါဆုံး အရင်းအမြစ်ဖြစ်သည်ဟု စီးပွားရေးပညာရှင်များက မိန့်ဆိုသည်။ ငွေကြေးအရင်းအနှီးနှင့် အတတ်ပညာ၊ နည်းပညာ ချို့တဲ့ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကတားဆီးပိတ်ဆို့နေသည့် အခက်အခဲများဖြစ်ပြီး အရင်းအနှီးနှင့် နည်းပညာရရှိရေးမှာလည်း ခက်ခဲရှုပ်ထွေးစွာ ဆောင်ရွက်ကြရသည်ဟု ဆိုကြသည်။

တစ်နည်းအားဖြင့်လည်း ငွေကြေးအရင်းအနှီး ချို့တဲ့ခြင်းနှင့် အတတ်ပညာ၊ နည်းပညာနိမ့်ကျခြင်းတို့မှာ ဆက်စပ်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်စွမ်းအားတိုးမြှင့်ရာတွင် ချို့တဲ့နေသည့် အဆိုပါအရင်းအမြစ်နှစ်ရပ်ကို အားကောင်းလာစေရန် မဖြစ်မနေဆောင်ရွက်ကြရန်လိုသည်။ ငွေကြေးအရင်းအနှီးကို ပြည်တွင်းရရှိနိုင်သည်များမှ အတတ်နိုင်ဆုံး ခြိုးခြံချွေတာ စုဆောင်းရယူခြင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုရယူခြင်း၊ အတတ်ပညာ၊ နည်းပညာတွင်လည်း ပြည်တွင်းတွင် မူဝါဒနှင့် အစီအစဉ်များ ချမှတ်၍ စနစ်တကျဖွံ့စည်းရယူခြင်းနှင့် ပြည်ပမှ တင်သွင်းရယူခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ကြသည်ကို ယေဘုယျအားဖြင့် တွေ့ရှိနိုင်သည်။

မျက်မှောက်ကာလတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ တီထွင်ဖန်တီးမှုများနှင့် နည်းပညာများရှိပြီးဖြစ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံများက အဆိုပါ အတတ်ပညာ၊ နည်းပညာများကို အလွယ်တကူရယူအသုံးပြုနိုင်သည်ဟုဆိုစေကာမူ လက်တွေ့တွင် ဤမျှလွယ်ကူရှင်းလင်းမှု မရှိဟူ၍ ဆိုသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ၎င်းတို့၏ အတတ်ပညာ၊ နည်းပညာများကို ဖွံ့ဖြိုးဆဲနိုင်ငံများက အလိုရှိတိုင်း မပေးခြင်း၊ အချို့ပေးအပ်သည့်နည်းပညာများတွင်လည်း မိမိတို့နိုင်ငံအခြေအနေနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ပြုပြင်ပြောင်းလဲရန်လိုအပ်ခြင်း၊ ခေတ်နောက်ကျဟောင်းနွမ်းနေသည့် နည်းပညာများ၊ ၎င်းတို့နိုင်ငံတွင် မသုံးတော့ဘဲ စွန့်ပစ်ထားပြီးဖြစ်သည့် နည်းပညာများကိုသာ ပေးအပ်ခြင်း စသည်တို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ နည်းပညာတင်သွင်းရယူနိုင်ရန် အခက်အခဲတွေ့ကြုံကြရသည်။

မည်သို့ပင်ဆိုစေ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီဖြစ်ထွန်းစေမည့် အတတ်ပညာ၊ နည်းပညာများကို ပြည်ပမှတင်သွင်းရန် လိုအပ်သကဲ့သို့ ပြည်တွင်း၌လည်း သုတေသနပြုတီထွင်ဖန်တီးမှု ပြုလုပ်ကြရမည်ဖြစ်သည်။ ပြည်ပမှ နည်းပညာသုံးစက်ရုံများ ဝယ်ယူတည်ဆောက်ခြင်း၊ ဖက်စပ်လုပ်ကိုင်ခြင်း၊ ကျွမ်းကျင်မှုအကူအညီ ရယူခြင်း၊ ပြည်ပနည်းပညာများကို မိမိနိုင်ငံနှင့် ကိုက်ညီအောင်ပြုပြင်ခြင်း၊ သုတေသနများ ထူထောင်ခြင်း၊ ပညာတော်သင်များ စေလွှတ်ခြင်း၊ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်ခြင်း စသည်တို့မှာ ပြည်ပမှ နည်းပညာရယူမှုနည်းလမ်းများဖြစ်ပြီး ပြည်တွင်းနည်းပညာဖွံ့ဖြိုးရေးအတွက် ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခြင်း၊ စက်မှု၊ အခြားကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများ ဖွင့်လှစ်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနများ ထူထောင်ခြင်း၊ နိုင်ငံသားများအား စက်မှုသိပ္ပံနည်းပညာများနှင့် ပိုမိုထိတွေ့စေခြင်း စသည်ဖြင့် ပြည်တွင်း၌ ဆောင်ရွက်ရန်လည်း ပညာရှင်များက အဆိုရှိသည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီးများ ထူထောင်နိုင်ရန် ကြိုးပမ်းအားထုတ် အလုပ်လုပ်၍ ကုန်ထုတ်မြင့်မားရေး၊ ခြိုးခြံချွေတာရေးနည်းလမ်းများ ကျင့်သုံးကြရန် လိုအပ်သကဲ့သို့ ပြည်တွင်းအတတ်ပညာ၊ နည်းပညာများ ကိုယ်ပိုင်ရရှိနိုင်ရန်အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးထားသည့် စက်မှု၊ စိုက်/မွေး သက်မွေးပညာကျောင်းများ၊ ပညာရေးအခွင့်အလမ်းများကို အခြေခံ၍ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလေးဂရုပြု၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

## ၁၃ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၀၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လက်နက်ကိုင်သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူနဲ့ နိုင်ငံခြားမှ ထောက်ပံ့လှူဒါန်းမှုတွေ မရတော့တဲ့အတွက် အကြံကုန်ဂဠုန်ဆားချက်ဖြစ်နေတဲ့ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - စိုးစိုးနိုင် | | သတင်းထောက်မှူး - ခင်ရတနာ | |
| စာတည်းမှူး - မြင့်စိုး | | အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ | |
| စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း | | သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | | အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး | |
| သုတေသန - အိအိခင်နှင့် အဖွဲ့ | | သတင်းထောက်များ | |
| စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့ | | ဓာတ်ပုံသတင်းထောက် - တင်စိုး | |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | | အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့ | |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအစည်းအဝေး (၁/၂၀၂၅) ကျင်းပ

## ၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုပြီးသည့် ပြည်ပကုမ္ပဏီ ၅၃ ခု၊ ပြည်တွင်းကုမ္ပဏီ ၁၁၂ ခုနှင့် အစုစပ်ကုမ္ပဏီ ကိုးခု စုစုပေါင်း ၁၇၄ ခုရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ (၁/၂၀၂၅) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### လိုက်နာဆောင်ရွက်သွားကြရန်လိုအပ်

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် ပြည်ပကုမ္ပဏီ ၅၃ ခု၊ ပြည်တွင်းကုမ္ပဏီ ၁၁၂ ခုနှင့် အစုစပ်ကုမ္ပဏီ ကိုးခု စုစုပေါင်း ၁၇၄ ခုရှိပြီး ယင်းကုမ္ပဏီများမှ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်၊ ရပ်ကွက် ၂၃၀၀ နှင့် ကျေးရွာပေါင်း ၂၇၀၀၆ ရွာရှိ အသင်းဝင်ဦးရေ ၃ ဒသမ ၂၂၈ သန်းသို့ ငွေကျပ် ၂၀၁၁ ဒသမ ၀၇၇ သန်း ထုတ်ချေးထားကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများအနေဖြင့် ဝင်ငွေနည်းပြည်သူများသို့ ငွေကြေးဝန်ဆောင်မှုများဆောင်ရွက်ပေးရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီများအနေဖြင့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပြင် MSMEလုပ်ငန်းကဏ္ဍများ တိုးတက်စေရေးအတွက်ကိုလည်း ချေးငွေများ ထုတ်ချေးပေးထားကြောင်း၊ ကော်မတီအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများအား ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ် ဆောင်ရွက်ခွင့်ပြုခြင်း၊ Digital Financial Services များ အသုံးပြု၍ ချေးငွေပြန်လည်ကောက်ခံခြင်းနှင့် ချေးငွေရယူသူ၏ ငွေစာရင်းသို့ ချေးငွေထုတ်ချေးခြင်းတို့ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် နိုင်ငံ၏လက်ရှိ လူမှုစီးပွား ဖြစ်ပေါ်တိုးတက်မှုများနှင့် လိုက်လျောညီထွေသည့် အများဆုံးထုတ်ချေးငွေသတ်မှတ်ချက်နှင့် စုဆောင်းငွေသတ်မှတ်ချက် တိုးမြှင့်ပေးနိုင်ရေး ဆွေးနွေးဆုံးဖြတ်သွားရန်ဖြစ်ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် မှာကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီ သုံးခု၏ လုပ်ငန်းလိုင်စင်လျှောက်ထားမှု၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများ၏ အများဆုံးထုတ်ချေးငွေနှင့် အများဆုံးစုဆောင်းငွေပမာဏသတ်မှတ်ချက်များအား တိုးမြှင့်ခွင့်၊ တင်ပြခြင်းများ အပါအဝင် ကော်မတီက ဆွေးနွေးဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

### လိုအပ်သည်များဖြည့်စွက်ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းမင်းဇော်က လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် ကော်မတီမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အချက်များကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးအကြံပြုတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အသေးစားနှင့် အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ချေးငွေများ ရရှိစေရန် ပြည်တွင်းဘဏ်များသာမက အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု ရယူသုံးစွဲရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုပြီးသည့် ကုမ္ပဏီများအနေဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များအား အလေးထားလိုက်နာ ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

### ကော်မတီက ခွင့်ပြုပေးခဲ့

အစည်းအဝေးတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုသည့် ပြည်တွင်းကုမ္ပဏီ သုံးခု၊ မတည်ငွေရင်း တိုးမြှင့်ခွင့်ပြုသည့် ကုမ္ပဏီ လေးခု၊ ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ်ခွင့်ပြုမှု သုံးခု၊ နယ်မြေတိုးချဲ့သည့် ကုမ္ပဏီ သုံးခုတို့ကို ကော်မတီက ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ဝန်ထမ်းများ ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် ဗဟုသုတများ တိုးပွားရရှိပြီး ကျန်းမာကြံ့ခိုင်စွာဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ ပူးပေါင်းစီစဉ်သည့် ကျန်းမာရေးအသိပညာပေး အစီအစဉ်အရ ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် သွားကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စု တရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဟောပြောပွဲသို့ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။




နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့် ကျန်းမာရေး အသိပညာပေးဟောပြောစဉ်။



ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူး နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံ အုပ်ကြီး ပါမောက္ခဒေါက်တာ ခင်မောင် ဦးဆောင်သောအဖွဲ့က သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးကုသစဉ်။

**ပြန်လည်ဖြေကြား**

ဟောပြောပွဲတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်က "ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါအကြောင်း သိကောင်းစရာ" များကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သံလွင်ထွန်းက "Health and Physical Activities" ကိုလည်းကောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားကြသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့် ဦးဆောင်သော အဖွဲ့နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံ အုပ်ကြီး ပါမောက္ခဒေါက်တာ ခင်မောင် ဦးဆောင်သောအဖွဲ့တို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ ယာယီဆေးပေးခန်း၌ ဝန်ထမ်းများအား ဆီးချို၊ သွေးချို၊ သွေးတိုး တိုင်းတာစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းရောဂါများကို စစ်ဆေးကုသပေးခြင်းနှင့် သွားတိုက်နည်းစနစ် သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငဖဲမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းမြေပဲ စိုက်ဧက ၁၇၂ ဧက စိုက်ပျိုးပြီးစီး

**ငဖဲ ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ကျေးရွာအုပ်စုများတွင် ဆီထွက်သီးနှံအဖြစ် ဆောင်းမြေပဲကို ၁၇၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ရာ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဆောင်းမြေပဲများကို မန်းချောင်းနံဘေးတစ်လျှောက် ကျေးရွာများဖြစ်သည့် နယ်ဇောကျေးရွာအုပ်စု၊ ပန်းထိန်းကျေးရွာအုပ်စုနှင့် ဆင်ချည်တိုင်ကျေးရွာအုပ်စုများ၌ နုန်းမြေနှင့် သဲနုန်းမြေတို့တွင် ရေထုတ်ရန်လွယ်ကူပြီး ရေစိမ့်စီးဆင်းမှု ကောင်းမွန်သောမြေများတွင် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း အများဆုံးစိုက်ပျိုးကြပြီး နှစ်စဉ်အထွက်နှုန်း ကောင်းမွန်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းမြေပဲစိုက်ပျိုးရာတွင် အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို ဧက ၁၃၀ စိုက်ပျိုးရန်လျာထားရာ ယနေ့အထိ တွန်တာနီမျိုး ၉၆ဧက၊ မကွေး -၁၆ ၇၅ ဧက နှင့် ဗီယက်နမ် တစ်ဧက စုစုပေါင်း ၁၇၂ ဧကကို ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

ငဖဲမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော မြေပဲခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေးနှင့်အထွက်နှုန်းကောင်းမွန်ရေးအတွက် သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာများ စနစ်တကျထည့်သွင်းရေး၊ ပေါင်းသတ်ဆေးအသုံးပြုခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာကွင်းဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**



# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ပေကျင်းစက်မှုတက္ကသိုလ်(BIT)တွင် အင်ဂျင်နီယာ နည်းပညာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၉ ရက် နံနက်က ပေကျင်းမြို့ရှိ ပေကျင်းစက်မှုတက္ကသိုလ်(Beijing Institute of Technology–BIT) သို့ ရောက်ရှိခဲ့ပြီး ဒုတိယပါမောက္ခချုပ် Professor WEI Yiming၊ မဟာဌာနမှူးများ၊ ပါမောက္ခများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။




အစည်းအဝေးတွင် BIT ဒုတိယပါမောက္ခချုပ်က သက်တမ်း ၈၅ နှစ်အတွင်း သိပ္ပံ၊ အင်ဂျင်နီယာနှင့် နည်းပညာဘာသာရပ်များတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပုံ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ထိပ်တန်းအဆင့်တွင် ရပ်တည်နေမှုများ၊ စွန့်ဦးတီထွင်နယ်ပယ်တွင် ဂုဏ်သိက္ခာကြီးမားသော ဆုများကို ရရှိမှုများနှင့် အခြားအချက်အလက်များကိုလည်းကောင်း၊ AI နှင့် EV ဆိုင်ရာ သင်တန်းအစီအစဉ်များ၊ သုတေသနအောင်မြင်မှုရလဒ်များ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို တာဝန်ရှိသူများက ပါဝါပွိုင့်များဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် BIT ဒုတိယပါမောက္ခချုပ်တို့သည် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်ပြည့် ယခုနှစ်တွင် စိန်ရတုမှတ်တိုင်အဖြစ် အင်ဂျင်နီယာ နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အတူတကွ ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြပြီး နှစ်ဖက်ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် အမှတ်တရ လက်ဆောင်များကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အမျိုးသား အင်ဂျင်နီယာသုတေသနဌာန (National Engineering Research Center of Electric Vehicles) ၌ လေ့လာကြရာ တာဝန်ခံပါမောက္ခများက EV စင်တာကို စတင်တည်ထောင်ခဲ့သည့် ၁၉၆၀ ပြည့်နှစ်မှသည် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာပုံ သမိုင်းကြောင်း၊ နိုင်ငံ၏ နေရာဒေသအသီးသီးရှိ EV များ၏ အားသွင်းမှုအခြေအနေများကို မြေပုံပေါ်ရှိ တည်နေရာအလိုက် စောင့်ကြည့် သိရှိနေပုံများ၊ EV ကားစီးရေ သန်း ၂၀ ကျော်ကို အဆင့်အတန်း သတ်မှတ်ဆောင်ရွက်မှုများ၊ သုတေသန EV ကားမော်ဒယ်ကို ပြသထားမှုနှင့် သုတေသန EV ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း တက်ရောက်ရန် ရောက်ရှိနေသော ဦးစီးအရာရှိများအား တွေ့ဆုံမှာကြား

**နေပြည်တော် ဇန်နဝါရီ ၁၃** လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာနှင့် မြန်မာ့ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အခြေအနေ အကြောင်းတရားများကို သိရှိနားလည်ထားရန် လိုအပ်ကြောင်း၊ မီဒီယာ၏ သဘောသဘာဝကို နားလည်ပြီး မိမိတို့ကိုယ်တိုင် သတင်းမှန်များကို ပိုင်းခြားသိရှိရန်နှင့် ပြည်သူလူထုကို သတင်းအမှန်များ မျှဝေပေးရန်လိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားသည်။(ယာပုံ)

ရှမ်းပြည်နယ်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအတွက်နေပြည်တော်သို့ ရောက်ရှိစဉ် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို ကိုယ်တိုင်သိရှိပြီး လိုက်ပါဆောင်ရွက်နိုင်ရန် ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**အသိအမှတ်ပြု**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ဝန်ထမ်းများ ကိုယ်တိုင် အတွေးအခေါ်၊ အယူအဆ ရင့်သန်ရန်နှင့် စိတ်ဓာတ်ကောင်းမွန်ရန် လိုအပ်ပြီး မိမိတို့ဌာန၏ လုပ်ငန်းတာဝန်များ ပေါက်မြောက် အောင်မြင်စေရေးအတွက် ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရေးသည် အရေးကြီးသည့်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သင်တန်းများ နှစ်စဉ်ဖွင့်လှစ်၍ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးသည်ကို အသိအမှတ်ပြုပါကြောင်း။

**ကြိုးစားဆောင်ရွက်**

မိမိဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို အချိန်မီပြီးမြောက်အောင် ဆောင်ရွက်သည့်အခါ Hard Skill သာမက Soft Skill ပါ ကျွမ်းကျင်မှုရှိရန် လိုအပ်သဖြင့် အမြဲမပြတ် လေ့လာသင်ယူစေလိုကြောင်း၊ သင်တန်းတွင် သင်ကြားပေးသည့် ဘာသာရပ်များသာမက ပိုမိုသစ်လွင် ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ၍ မိမိတို့၏ ရည်မှန်းချက်တာဝန်များ ပိုမိုအောင်မြင်စေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**








❖ *ကျောဖုံးမှ*

ရာသီဥတုနှင့် စိမ်းလန်းစိုပြည်သည့် ရေမြေတောတောင်သဘာဝများ၊ ဒေသထွက်အစားအသောက်များ၊ ဒေသခံများ၏ ဖော်ရွေပျူငှာမှုတို့နှင့်အတူ ပန်းပေါင်းစုံတို့သည်လည်း ဖူးပွင့်ဝေဆာမှုတို့ဖြင့် ကောင်းသတင်းဝေဆာသည့် မြို့တစ်မြို့ဖြစ်သည်။ ထို့အပြင် ဆောင်းရာသီ၏ အထင်ကရ ပန်းတစ်မျိုးဖြစ်သည့် တစ်နှစ်လျှင် တစ်ကြိမ်သာပွင့်သည့် ချယ်ရီပန်းများသည်လည်း တစ်မြို့လုံးဝေဆာအောင် ဖူးပွင့်လေ့ရှိကြသဖြင့် ချယ်ရီမြို့တော်အဖြစ် လူသိများကြသည်။ ချယ်ရီပန်းများသည် နှစ်စဉ် ဒီဇင်ဘာ၊ ဇန်နဝါရီလများမှစတင်၍ ဖူးပွင့်လျက်ရှိကြပြီး ဖေဖော်ဝါရီ၊ မတ်လအထိ အပင်ပေါ်တွင် အပွင့်များဝေဆာစွာ တင်ကျန်လေ့ရှိကြကာ ယခုနှစ်တွင် ပြင်ဦးလွင်မြို့၌ ချယ်ရီပန်းများ အပွင့်ပွင့်ချိန် နောက်ကျသည်ဟုလည်း ဒေသခံများထံမှ သိရသည်။ ယခုနှစ် ပန်းပွဲတော်ကာလအတွင်း အမျိုးသားကန်တော်ကြီးဥယျာဉ် အပါအဝင် ပြင်ဦးလွင်မြို့အတွင်း အပန်းဖြေနေရာများ၌ ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ် အပန်းဖြေအနားယူသူများ၊ ပြင်ဦးလွင်မြို့ရှိ တန်ခိုးကြီးဘုရားများသို့ လာရောက်ဖူးမြော် ကြည်ညိုသူများဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်းကိုလည်း သိရသည်။

အမျိုးသားကန်တော်ကြီး ဥယျာဉ် အထိမ်းအမှတ် နှစ်(၁၀၀)ပြည့် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်းပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများ ပြသသည့် ဇုန်တစ်ဇုန်အပါအဝင် ဇုန်ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ ၂၀ မျိုး စုစုပေါင်းပန်း အရေအတွက် နှစ်သိန်းကျော်စိုက်ပျိုးပြသထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်း ပါရှိကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်၊ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းနှင့် အထင်ကရနေရာတို့သို့ အနယ်နယ်အရပ်ရပ်မှလာရောက်လည်ပတ် အပန်းဖြေအနား ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်းနှင့် ကုသိုလ်တော်ဆည်းပူးခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်းနှင့် ကုသိုလ်တော်ဆည်းပူးခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်တော်အတွင်း၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။



ဦးစွာ ကြွရောက်ချီးမြှင့်တော်မူသော ဆရာတော် သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိတ် သွန်းတော်မူကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ဉှော်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကာ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညို၍ ဆရာတော်သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသထံမှ ဉှော်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆယ်ယူထိန်းသိမ်းခဲ့သည့် ဖိုးသူတော်ကန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြုပြင်ထိန်းသိမ်းသည့် ရှေးဟောင်းအဆောက်အအုံအမှတ် (၇၅၂) ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ပုဂံခေတ်ဗုဒ္ဓတက္ကသိုလ်ဖြစ်သည့် ဆင်ဖြူရှင် Complex အတွင်းရှိ ရှေးဟောင်းအဆောက်အအုံများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆယ်ယူထိန်းသိမ်းခဲ့သည့် အာမနာကန်နှင့် ရွှေထီးကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းအလိုက်ဆောင်ရွက်ရန်အချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရွှေမုဋ္ဌောဘုရား၊ ဖောင်တော်ဦးဘုရား၊ ရတနာ မဥ္ဇူဘုရားများသို့ သွားရောက်ဖူးမြော်ကြည့်ရှု၍ အဆိုပါဘုရားများရှိ အာရုံခံသစ်သားတန်ဆောင်းများ ပျက်စီးယိုယွင်းမှုကို အမြင်တင့်တယ်မှုရှိအောင် သပ်သပ်ရပ်ရပ်ဖြင့် ပြင်ဆင်ထိန်းသိန်းမှုများ ပြုလုပ်ရန်နှင့် မူလလက်ရာမပျက် အမြန်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး (၁/၂၀၂၅) အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

"ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီ" (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ရုံးအမှတ် (၃၄) ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် ကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ်သည် ဝန်ထမ်းများအတွက် ရေရှည် ဆောင်ရွက်သွားရမည့် ကိစ္စဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ပင်စင်စနစ်ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပြီး ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကို ကော်မတီအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုအချိန်ထိ ဆောင်ရွက်ထားရှိမှုများအပေါ် အခြေခံ၍ ဆက်လက်ဆောင်ရွက်ရန် ကိစ္စများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့်ကိစ္စများ၊ ရန်ပုံငွေစနစ် ကျင့်သုံးမည့်ပုံစံနှင့် လိုက်လျောညီထွေဖြစ်မည့် ဥပဒေကြမ်းဖြစ်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်၊ ဖြည့်စွက်ပြီး ပြန်လည်တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်း ဆွေးနွေးကြရန် ပြောကြားသည်။




ထို့နောက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ် ထူထောင်ဆောင်ရွက်ရာတွင် နောက်ဆုံးဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အကြံပြုဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌက သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်ငန်းအတွက် အလားအလာကောင်းသည့် စပ်မျိုးပြောင်းမျိုးသစ်များ ကွင်းသရုပ်ပြ

**နေပြည်တော် ဇန်နဝါရီ ၁၃**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သုတေသနပြု ဖော်ထုတ်ရရှိသော စပ်မျိုးပြောင်းမျိုးသစ်များကို မျိုးစေ့ထုတ်ကုမ္ပဏီများက ရွေးချယ်၍ စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် အလားအလာကောင်းသည့် စပ်မျိုးပြောင်းမျိုးသစ်များ ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန နဝရတ်ခန်းမနှင့် နံ့စားသီးနှံသုတေသနဌာနခွဲ စိုက်ကွင်းတို့၌ ကျင်းပသည်။



အဆိုပါပြပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာတင်ထွဋ်နှင့် ဦးဗိုလ်ဗိုလ်ကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခများ၊ သုတေသီများနှင့် ပညာရှင်များ၊ ပုဂ္ဂလိကမျိုးစေ့ထုတ် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေး သုတေသနဦးစီးဌာနအနေဖြင့် အရေးကြီးသီးနှံမျိုး (၁၀) မျိုးနှင့် ဈေးကွက်ဝင်သီးနှံများအတွက် သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်သည် သီးနှံအလိုက် မျိုးသစ်မွေးမြူထုတ်လုပ်ခြင်းဖြစ်ပြီး သီးနှံမျိုးသစ်များဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ယင်းသီးနှံမျိုးသစ်များကို စိုက်ပျိုးထုတ်လုပ်ခြင်း၊ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် ချိတ်ဆက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး သုတေသနဦးစီးဌာန အခြားနံ့စားသီးနှံသုတေသနဌာနခွဲ တာဝန်ခံက ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှု ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက စိုက်ပျိုးရေး သုတေသနဦးစီးဌာနက သုတေသနပြုဖော်ထုတ်ရရှိသော စပ်မျိုးပြောင်းမျိုးသစ်များကို မျိုးစေ့ထုတ်ကုမ္ပဏီများမှ ရွေးချယ်၍ စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် အလားအလာကောင်းသည့် စပ်မျိုးပြောင်းမျိုးသစ်များ စမ်းသပ်ကွက်နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး စပ်မျိုးပြောင်းမျိုးသစ်(၁၂)မျိုး၏ မျိုးလိုင်းများကို ကွင်းဆင်းကြည့်ရှု၍ မျိုးရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃** ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာအကြီး အကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်း သားသင်တန်းသူများ တက်ရောက် ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီးက ဥပဒေဆိုသည်မှာ လူအများ လိုက်နာကျင့်သုံးရန် သတ်မှတ် ပြဋ္ဌာန်းထားသည့် စည်းကမ်းများ ဖြစ်သည်ဟု ယေဘုယျအားဖြင့် နားလည်ကြရ ပြီး နိုင်ငံတော်တွင် ပြဋ္ဌာန်းထားရှိ ပြီးဖြစ်သည့် ဥပဒေများကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ အစိုးရ အုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရေး ပါဝင် ဆောင်ရွက်ကြရသည့် နိုင်ငံ့ ဝန်ထမ်းများအနေဖြင့် ဦးစီး ဌာနအလိုက် လုပ်ငန်းတာဝန် များနှင့် ဆက်စပ်ပြီး ထုတ်ပြန် ထားရှိသည့် ဥပဒေ၊ နည်းဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထဲထဲဝင်ဝင် လေ့လာသိရှိကြရန် လိုအပ်ကြောင်း၊ သင်တန်းတွင် ဆွေးနွေးသည့် အကြောင်းအရာ များကို အခြေခံကာ ပိုမိုကျယ်ပြန့် စွာ လေ့လာကြရန် တိုက်တွန်း လိုကြောင်း ပြောကြားသည်။

ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက် နှစ်ရက်တာ ဖွင့်လှစ် သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက် ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအတွက် စတုတ္ထအကြိမ် စာအုပ်စာစောင်များ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၃** ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက် များအတွက် စတုတ္ထအကြိမ် စာအုပ်စာစောင်များ လှူဒါန်းပွဲနှင့် စာကြည့်တိုက်ပညာ သင်တန်း အမှတ်စဉ်(၅) ဖွင့်ပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ "သုတဝေဖြာ မျှဝေရာ ပညာဘဏ် တိုက် စာကြည့်တိုက်" ဗီဒီယို ပြသပြီး ရန်ကုန်တိုင်းဒေသ ကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ လူမှုရေးရာ ဝန်ကြီး ဦးဌေးအောင်က ကော်မတီ ၏ လုပ်ငန်းဆောင်ရွက်မှုများ ကိုလည်းကောင်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦး(ခ) ဦးဟိန်းလတ်က စာကြည့်တိုက် ပညာသင်တန်း ဖွင့်လှစ် သင်ကြားမှုနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြ ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်က တိုက်ကြီးခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကိုယ်စားလှယ်များက လည်း ကောင်း၊ သင်တန်းအတွက် ချီးမြှင့် ငွေများ ပေးအပ်ရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လည်း ကောင်း လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက ၁၃ ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက် များအတွက် စာအုပ်စာစောင်များ ကို ပေးအပ်လှူဒါန်းရာ စာကြည့် တိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်မှူးများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြား ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီး ချုပ်နှင့် အခမ်းအနား တက်ရောက် လာကြသူများက ပြသထားသည့် စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ် စာစောင်များကို လှည့်လည် ကြည့်ရှုခဲ့ကြသည်။ **(အပေါ်ပုံ)**

ယနေ့ စတုတ္ထအကြိမ်အဖြစ် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက် ၁၃၇ တိုက်အတွက် ငွေကျပ် သိန်း ၇၅၀ တန်ဖိုးရှိ စာအုပ် စာစောင်ပေါင်း ၁၇၃၂၅ အုပ် လှူဒါန်း ပေးအပ်ခဲ့ကြောင်းနှင့် စာကြည့်တိုက်ပညာ သင်တန်း အမှတ်စဉ်(၅)အား လှိုင်မြို့နယ် လှိုင်စင်တာတွင် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များမှ သင်တန်းသား သင်တန်းသူ၊ စာကြည့်တိုက်မှူး ၅၀ ကို ဇန်နဝါရီ ၁၅ ရက်အထိ စာကြည့် တိုက်ပညာရှင်များက သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**
"(၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ" ကို "ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာ များဖော်ထုတ်ဖြေရှင်းကြပါစို့ – Moving Forward to a Healthy Lifestyle and Addressing Health Risk Behaviors" ဟူသော ဆောင်ပုဒ်နှင့် ဇန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဒဂုံ မြို့နယ် အမှတ်–၅၊ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) ၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အခြေခံသုတေသနစာတမ်း (၂၇) စောင်၊ အသုံးချ သုတေသနစာတမ်း (၁၈) စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း (၈) စောင်နှင့် သုတေသနပိုစတာ (၄၃) စောင်တို့ကို တင်သွင်း ဖတ်ကြားပြသသွားရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

ညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ သုတေသီများတက်ရောက် ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲလေးခုနှင့် ဟောပြောပွဲတစ်ခုတို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**လယ်ဝေး ဇန်နဝါရီ ၁၃**
ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်း သော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ နေပြည်တော်တိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်မင်းထွန်း၊ လယ်ဝေး ခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကြို့ကုန်းကျေးရွာတွင် အနက်ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့် ရေစင်တည်ဆောက်ခြင်းနှင့် ဖြန့်စည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၉၂၄ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ၂၀၂၄ ခုနှစ် စက်တင်ဘာလ ဒုတိယအပတ်မှ စတင်တာဝန်ယူအကောင်အထည် ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၅ ရာခိုင်နှုန်း ခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**



# ကျိုင်းတုံမြို့ ကျိုင်းဖောင်းရေပူစမ်း၌ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကား

**ကျိုင်းတုံ ဇန်နဝါရီ ၁၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းဖောင်းရေပူစမ်း၊ မြခွေရည် ရေပူအပန်းဖြေစခန်းသို့ ဆောင်းရာသီကာလအတွင်း



လာရောက်အပန်းဖြေလည်ပတ်သူများ စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါအပန်းဖြေစခန်းသည် ကျိုင်းတုံ–တောင်ကြီး ကားလမ်းမကြီး ဘေး ကျိုင်းဖောင်းချောင်းအနီး၌ တည်ရှိပြီး သဘာဝအလျောက် တည်ရှိသော ရေပူစမ်းတစ်ခုဖြစ်ပြီး တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ များက အများပြည်သူများ လာရောက်အပန်းဖြေနိုင်စေရန် ရေချိုးခန်း များ ဆောင်ရွက်ထားရှိပြီး ယခုဆောင်းရာသီကာလ အဆိုပါ ရေပူစမ်း တွင် ဒေသထွက်အစားအစာများ ရောင်းချခြင်း၊ သဘာဝရေပူစမ်းဖြင့် ကြက်ဥ၊ ငုံးဥ၊ ပြောင်းဖူးများ ပြုတ်စားခြင်းနှင့် ရေပူစမ်းကွင်းပြင်ရှိ မြက်ခင်းပြင်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်အပန်း ဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယနေ့နံနက်ပိုင်းက ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီး နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်-၂ တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူးက နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ ဘဏ္ဍာနှစ်အလိုက်ရရှိသည့် ရန်ပုံငွေအပေါ် စနစ်တကျသုံးစွဲကာ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကိုမှာကြားကာ ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးပြီး နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း၌ တည်ဆောက်နေသည့် ပင်မတမံကွန်ကရစ် သွန်းလောင်းပြီးစီးမှု၊ ရေယူအဆောက်အအုံ ဆောက်လုပ်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းသုံး ကျောက်နှင့်သဲထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက်ကျေးရွာအနီးတွင်တည်ရှိ၍ Concrete Gravity Dam တမံအမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ၆ မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား - ၃၄ ဒသမ ၆၈ သန်းကီလိုဝပ်နာရီ ပျမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများအားလုံး၏ ၅၆ ဒသမ ၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ကျောင်းအုပ်ကြီးက သင်ကြားစီမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောင်း၏လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအတွင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ စားရေရိက္ခာလုံလောက်စွာရရှိရေးသည် လူသားတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပြီး ဖြည့်ဆည်းပေးနိုင်မည့် အသိ၊ အတတ်ပညာများကို သင်ကြားခွင့်ရသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားလေ့ကျင့်ကာ ဒေသနှင့်တိုင်းဒေသကြီးအား အလုပ်အကျွေးပြုနိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်းနှင့် ပညာသင်ကြားပြီးပါက



ဌာနဆိုင်ရာနှင့် မိမိကိုယ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ပြီး တိုင်းပြည်အတွက် စားရေရိက္ခာပေါများရေးကိုအထောက်အကူပြုသူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားပြီး ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများထံ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဟုမ္မလင်းမြို့ ကွင်းအမှတ် ၆၄ ဟုမ္မလင်းကွင်းရှိ တောင်သူ ဦးသန်းဝင်း စိုက်ပျိုးသည့် နွေစပါး ၁၀ ဧကအား တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် သဘာဝမြေဩဇာနှင့် မြေဩဇာရောနှောကြဲပက်ခြင်းသရုပ်ပြပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေသခံတောင်သူများက နွေစပါးအထွက်နှုန်း တိုးတက်ရေးအတွက် သဘာဝမြေဩဇာနှင့် မြေဩဇာရောနှောကြဲပက်ခြင်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား စိုက်ပျိုးရေးသွင်းအားစုများနှင့် ပိုးသတ်ဆေးဖျန်းပုံးများ ပေးအပ်ကာ ခေါင်ခမ်းအင်းအနီး ကွင်းအမှတ် ၆၄ ဟုမ္မလင်းကွင်း၌ နွေစပါး ၃၇၆ ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး)တောင်သူသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာ သင်တန်းကျောင်း သင်တန်းခန်းမ၌ ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး) တောင်သူသင်တန်း အမှတ်စဉ် ( ၃/၂၀၂၄-၂၀၂၅ ) ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်



ဌာနဆိုင်ရာများ၏ အင်အားတစ်ခုတည်းနှင့် ဆောင်ရွက်၍မရဘဲ လယ်ယာ လုပ်ငန်းခွင်တွင် လက်တွေ့လုပ်ကိုင်နေကြသည့် တောင်သူ လယ်သမားများ ပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူ လယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး လယ်ယာမြေပြုပြင်သည့် အဆင့်မှအစပြုပြီး စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းနှင့် သိုလှောင်ခြင်းအဆင့်ဆင့်ကို စက်ကိရိယာများ သုံးစွဲလုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေများအား ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးဖော်ထုတ်ပေးလျက်ရှိပြီး စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရန် ဆန္ဒရှိသည့် ကျေးရွာများရှိပါက သက်ဆိုင်ရာမြို့နယ် ထွန်စက်စခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်ကို သတင်းစကား ပေးလိုကြောင်း၊ တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းမှ ရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့ရပ်ရွာများ၌ ပြန်လည်အသုံးချပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ဘုရားကြီးမြို့ စက်မှုလယ်ယာ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးထွန်းထိန်လင်းက စက်မှုလယ်ယာ သင်တန်းကျောင်း (ဘုရားကြီး)၏ သမိုင်းကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်ပြီးစီးခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ သင်တန်းအတွင်း လက်တွေ့ သင်ကြားပြသမည့် လယ်ယာသုံး စက်ကိရိယာများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ မတ် ၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးမှ ၂၀ ၊ ဧရာဝတီတိုင်းဒေသကြီးမှ ငါးဦး၊ မွန်ပြည်နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှတစ်ဦး စုစုပေါင်း သင်တန်းသား ၃၀ တို့ကို စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟသ်ာတခရိုင် မီးသတ်ဦးစီးဌာန၌ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲပြုလုပ်



**ဟသ်ာတ ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် မီးသတ်ဦးစီးဌာနရုံး၌ ခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းမင်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက ခရိုင်မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများကို လေ့လာကြည့်ရှုကြသည်။ သင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ တစ်လကြာမည်ဖြစ်ပြီး ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းသင်တန်းသား ၅၀ ဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှု

**ကော့သောင်း ဇန်နဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်လျက် ရှိသည့် အပြည်ပြည်ဆိုင်ရာနယ်စပ် အဝင်/အထွက် ဂိတ်မှုခ်ဦးအပါ အဆောက်အအုံတည်ဆောက်သည့် လုပ်ငန်းနေရာနှင့် ကော့သောင်းခရိုင်နှင့်မြို့နယ် တရားရုံးသစ်ဆောက်လုပ်နေသည့် အဆောက်အအုံ နေရာများသို့ ယနေ့မွန်းလွဲပိုင်းက သွားရောက် ကွင်းဆင်းကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များသည် ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်ရှိ ကော့သောင်း မြို့မဆိပ်ကမ်းနေရာ၌ တည်ဆောက် လျက်ရှိသော အပြည်ပြည်ဆိုင်ရာ နယ်စပ်အဝင်/ အထွက်ဂိတ်မုခ်ဦးအပါအဆောက်အအုံတည်ဆောက် သည့် လုပ်ငန်းနေရာသို့ သွားရောက်ခဲ့ရာ လုပ်ငန်း တည်ဆောက်ရေးကို တာဝန်ယူဆောင်ရွက်နေ သည့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူ များက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကော့သောင်းမြို့ အပြည်ပြည် ဆိုင်ရာ နယ်စပ် အဝင်/အထွက် ဂိတ်မုခ်ဦးအပါ အဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာကိစ္စရပ် များနှင့် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်ပုံမှတ်တမ်းများ၊ အဆောက် အအုံဆောက်လုပ်မည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းအဆောက်အအုံအား အရည်အသွေးပြည့်မီ စွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြား ပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကော့သောင်းခရိုင်နှင့် မြို့နယ် တရားရုံးသစ်ဆောက်လုပ်နေသည့် အဆောက်အအုံ နေရာသို့ သွားရောက်ခဲ့ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများက တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေ အနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆောက်အအုံအတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဟားခါးမြို့၌ Grade -11 နှင့် Grade -12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်ပွဲကျင်းပ

**ဟားခါး ဇန်နဝါရီ ၁၃**

ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သော Grade–11 နှင့် Grade–12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်း က ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။



ဦးစွာ ချင်းပြည်နယ်ဝန်ကြီး ချုပ် ဒေါက်တာဝုန်ဆွန်းထန်က ဆရာများသည် တပည့်များ အား ပညာတတ်မြောက်အောင် သင်ကြားပေးကာ အသိအမြင်၊ ဗဟုသုတများ ရရှိအောင် လမ်းညွှန်ပြသရန် လိုအပ်သကဲ့သို့ စည်းကမ်းလိုက်နာ တတ်သော နိုင်ငံသားများဖြစ်အောင် လေ့ကျင့် ပျိုးထောင်ပေးရန် လိုအပ် ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက် ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံတော် တည်ဆောက်နိုင် ရေးအတွက် ဥပဒေကို လူတိုင်း သိရှိလိုက်နာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်များ ရရှိနိုင်ရေး ဥပဒေ ပညာရပ်ကို တက္ကသိုလ်များ တွင် သင်ကြားပေးလျက်ရှိသကဲ့သို့ Grade–11 နှင့် Grade– 12 အတန်းများတွင် ဥပဒေပိုင်း ဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချ ပေးကြရမည်ဟု နိုင်ငံတော် အကြီးအကဲက လမ်းညွှန်ခဲ့ကြောင်း၊ နိုင်ငံဟူသည် ဥပဒေနှင့် လွတ်ကင်း၍ မတည်ရှိ နိုင်၊ ဥပဒေမရှိက နိုင်ငံသည်လည်း ရပ်တည်နိုင်မည် မဟုတ်ဆိုသည့် အတိုင်း မိမိတို့နိုင်ငံ၊ မိမိတို့ ပြည်နယ် အစွန့်ရှည်ကြာ ရပ်တည်နိုင်အောင် ဥပဒေက မရှိမဖြစ် လိုအပ်သကဲ့သို့ ဥပဒေ နှင့် လွတ်ကင်းသည့် နယ်ပယ်မရှိ နိုင်ကြောင်း၊ ထို့ကြောင့် ပြည်သူ များအနေဖြင့် လိုက်နာရမည့် ဥပဒေများကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊ နေ့စဉ် လုပ်ကိုင် နေကြရာတွင် ဆောင်ရန်၊ ရှောင်ရန် တို့ကို မဖြစ်မနေ သိရှိထားရန် လိုအပ်ကြောင်း၊ ထို့ကြောင့် Grade–11 နှင့် Grade – 12 အတန်း များတွင် ဥပဒေအခြေခံ အသိ အမြင်များ သင်ကြားပို့ချပေးနိုင်ရန် အတွက် သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဥပဒေ ချုပ် ဦးဆွန်းဒုတ်ကျင်က သင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သင်တန်းတွင်ပို့ချမည့် ဥပဒေ အသိပညာ သင်ရိုးညွှန်းတမ်းများ ကို ပြည်နယ်ဥပဒေချုပ်က ပေးအပ်ရာ ချင်းပြည်နယ်ပညာ ရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေး မှူး ဦးဗန်ရိုထန်က လက်ခံရယူ သည်။ **ခရိုင် (ပြန်/ဆက်)**

# MNL ပြိုင်ပွဲတွင် ရောဝတီကို အား/ကာသိပ္ပံအသင်း အနိုင်ယူ

**ရန်ကုန် ဇန်နဝါရီ ၁၃**

၂၀၂၄–၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၃ ရက်က ရန်ကုန် မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ အား/ကာသိပ္ပံအသင်း က ရောဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် နည်းပြသစ် ဦးသာကျော်လက်ထက် ပထမဆုံးပွဲတွင် အမှတ် ပြည့်ရယူနိုင်ခဲ့သည်။ ရောဝတီယူနိုက်တက်အသင်း သည် အိမ်ကွင်းပွဲကို ရန်ကုန်မြို့၌ ပြောင်းလဲ ကစားခြင်းဖြစ်ပြီး အား/ကာသိပ္ပံအသင်းကို နှစ်ကျော့ စလုံး အရှုံးပေးခဲ့ရသည်။

ရောဝတီယူနိုက်တက်အသင်းသည် ရဲရင့်အောင်၊ နန်းထိုက်ဇော်၊ သီဟ၊ ညီညီအောင်၊ အောင်ပြည့်ဖြိုး တို့ဖြင့် ပွဲထွက်လာပြီး အား/ကာသိပ္ပံအသင်းမှာမူ ဇင်ရဲနောင်၊ ခိုင်ရဲဝင်း၊ ဝင်းပြည့်မောင်၊ မိုးဆွေအောင် တို့ဖြင့် လူစုံခဲ့သည်။ ၂၉ မိနစ်တွင် အား/ကာသိပ္ပံ အသင်း အဖွင့်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဝင်းပြည့်မောင် က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရောဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းသော်လည်း အဆုံးသတ်အားနည်းသဖြင့် ဂိုးထပ်မရဘဲ ၈၅ မိနစ် တွင် ဟိန်းထက်ငြိမ်းက အား/ကာသိပ္ပံအသင်းအား အနိုင်သေချာစေမည့် ဒုတိယဂိုး သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံ အသင်းမှ ဟိန်းထက်ငြိမ်းက ရရှိသည်။



အား/ကာ သိပ္ပံအသင်းနှင့် ရောဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ် (၁၅) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူ နိုက်တက်အသင်းက ၄၃ မှတ်ဖြင့် ဆက်လက် ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၅ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၂ မှတ်၊ အား/ကာ သိပ္ပံအသင်းက ၂၆ မှတ်၊ မဟာယူနိုက်တက်အသင်းက ရမှတ် ၂၀၊ ရတနာပုံအသင်းက ၁၉ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ ရခိုင် ယူနိုက်တက်အသင်းက ခြောက်မှတ်၊ မြဝတီအသင်း က လေးမှတ် ရရှိထားသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


# ရှေးဟောင်းဝတ္ထုပစ္စည်းများအား နိုင်ငံတော်သို့ အပ်နှံပါက ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်လျက်ရှိ

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

ရှေးယခင်ဘိုးဘွားဘီဘင်များ လက်ထက်က ပြုလုပ်သုံးစွဲခဲ့ကြသည့် ဝတ္ထုပစ္စည်းများသည် နောင်အနာဂတ်မျိုးဆက်သစ်များအတွက် ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းရမည့် ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်ပါသည်။ ၎င်းဝတ္ထုပစ္စည်းများသည် သမိုင်းခေတ်ကာလတစ်ခုကို ဖော်ညွှန်းပြသနိုင်သည့် အသုံးပြုမှု၊ အနုလက်ရာမြောက်မှု၊ ရှားပါးမှု၊ သမိုင်းဆိုင်ရာတန်ဖိုးရှိမှုများရှိပြီး နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိပါက ရှေးဟောင်းဝတ္ထုပစ္စည်းဟု သတ်မှတ်ပါသည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုသမိုင်းကြောင်း ခိုင်မာပြည့်စုံစွာတည်ရှိခဲ့သည်နှင့်အတူ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများကို သမိုင်းမတင်မီကာလ ကျောက်ခေတ်မှသည် သမိုင်းကြိုကာလ ကြေးခေတ်၊ သံခေတ်၊ သမိုင်းတင်ခေတ်၊ မျက်မှောက်ခေတ်တိုင်အောင် ခေတ်အဆက်ဆက် ဖန်တီးပြုလုပ်သုံးစွဲခဲ့ကြပါသည်။ ထိုပစ္စည်းများသည် နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးနှင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို ဖော်ညွှန်းပြသနေသော ဝတ္ထုပစ္စည်းများပင်ဖြစ်ပြီး မြန်မာနိုင်ငံအနှံ့အပြားမြေပေါ်တွင် လည်းကောင်း၊ မြေအောက်မှလည်းကောင်း၊ ရေပေါ်ရေအောက်တွင်လည်းကောင်း အများအပြားတွေ့ရှိနိုင်ပါသည်။







ရှေးဟောင်းဝတ္ထုပစ္စည်းများအပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။







## ရှေးဟောင်းဝတ္ထုပစ္စည်းများ

ရှေးဟောင်းဝတ္ထုပစ္စည်းများကို ရှေးဟောင်းဒေသများနှင့် ဆက်စပ်လျက်ရှိသည့် နေရာများ၌ သုတေသနပြုလေ့လာခြင်းများမှ တွေ့ရှိရသကဲ့သို့ ထွန်ယက်စိုက်ပျိုးခြင်း၊ ကျင်းတူးခြင်းစသည့် လုပ်ငန်းများဆောင်ရွက်စဉ် မတော်တဆတွေ့ရလေ့ရှိပါသည်။ ထိုသို့ မတော်တဆတွေ့ရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်သည်ကို မသိနားမလည်ကြသူများက တွေ့ရှိပစ္စည်းများသည် ရွှေထည်များ၊ ရွှေထည်ကဲ့သို့သော တန်ဖိုးရှိသောဝတ္ထုပစ္စည်းများဖြစ်လျှင် ချက်ချင်းထုခွဲရောင်းချချင်လေ့ရှိကြပါသည်။ ထိုကဲ့သို့ မသိနားမလည်မှုကြောင့် လုပ်ဆောင်လိုက်မှုသည် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်သက်ဆိုင်သည့် ဥပဒေကို ချိုးဖောက်ကျူးလွန်မှုဖြစ်သည်ကိုလည်း သိရှိနားလည်သူ နည်းပါးပါသည်။ ထို့ကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်း သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်းဟု ယူဆရသည့် မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို တွေ့ရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ သတင်းပေးပို့အကြောင်းကြားခြင်းသည် အကောင်းဆုံးသော ဆောင်ရွက်မှုပင်ဖြစ်ပါသည်။

## ထပ်ဆောင်းချီးမြှင့်

သတင်းပေးပို့ အကြောင်းကြားခြင်းအားဖြင့် တွေ့ရှိသူအတွက် အကျိုးကျေးဇူးအလွှန်များသည်ကိုလည်း တင်ပြလိုပါသည်။ မြန်မာနိုင်ငံရှိရှေးဟောင်းဝတ္ထုပစ္စည်းများကို အခွန့်ရှည် တည်တံ့စေရန်၊ ပျက်စီးယိုယွင်းပျောက်ဆုံးခြင်းများမှ ကာကွယ်နိုင်ရန်၊ အများပြည်သူများ ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးမြင့်မားမှုကို နားလည်၍ တာဝန်သိစိတ်ဖြင့် ကာကွယ်ထိန်းသိမ်းနိုင်စေရန်အတွက် ၂၀၁၅ ခုနှစ်တွင် ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် နည်းဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းအား တွေ့ရှိသတင်းပို့သူအတွက် ပထမဆုံးသောအကျိုးကျေးဇူးမှာ ဥပဒေအား ချိုးဖောက်ကျူးလွန်ခြင်းမရှိဘဲ ဥပဒေနှင့်အညီဆောင်ရွက်ခြင်းကို ပေါ်လွင်စေပါသည်။ ဒုတိယအချက်အနေဖြင့် တွေ့ရှိ၍ သတင်းပို့အကြောင်းကြားခဲ့သူအား နိုင်ငံတော်မှ ပြန်လည်ဂုဏ်ပြုသည့်အနေဖြင့် တွေ့ရှိသည့်ဝတ္ထုပစ္စည်း၏ ကာလပေါက်ဈေးအပြင် ခေတ်ကာလကြေး၊ ခေတ်လက်ရာကြေးများကိုပါ ထပ်ဆောင်းချီးမြှင့်သည့်အတွက်ကြောင့် မူလတန်ဖိုးထက် သုံးဆများသော ဆုကြေးငွေများကို ရရှိမည်ဖြစ်ပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများ နိုင်ငံတော်ကို အပ်နှံခြင်းနှင့်ပတ်သက်၍ အများပြည်သူများ နားလည်သဘောပေါက်စေရန်နှင့် အမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလိုသော အသိစိတ်များ ပြန့်ပွားတိုးတက်လာစေရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အသိပညာပေးခြင်း၊ အပ်နှံသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဂုဏ်ပြုချီးမြှင့်မှုများကို အများပြည်သူများသိရှိနိုင်စေရေး အသိပေးတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်မှုများကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးကြီးမားမှုကိုသိရှိပြီး တာဝန်သိစိတ်ဖြင့် လာရောက်အပ်နှံကြသည့် ပြည်သူများလည်းရှိပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို တာဝန်သိစိတ်ရှိစွာဖြင့် လာရောက်အပ်နှံပါက လာရောက်အပ်နှံသူကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ရွှေ ၃၁၄၄ ခု၊ ငွေ ၈၃၃ ခု၊ ကြေး ၇၅၃ ခု၊ အခြား ၂၇၈၀၈ ခု စုစုပေါင်း ၃၂၅၃၈ ခုအတွက် ဆုကြေးငွေ ၅၆၈၄၃၀၀၈၅ ကျပ် (ငါးထောင့်ခြောက်ရာရှစ်ဆယ့်လေးသိန်း သုံးသောင်းရှစ်ဆယ့်ငါးကျပ်တိတိ)အထိ ဆုကြေးငွေများကို နိုင်ငံတော်မှပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲဆောင်ရွက်နေမှုကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြသည့်အချက်ကို အခွင့်ကောင်းယူ၍ ရှေးဟောင်းပစ္စည်းများကို တရားမဝင် ဝယ်ယူစုဆောင်းလျက်ရှိကြသည်ကိုလည်း တွေ့ရှိရပါသည်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာတွင် ကျေးရွာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်သော လုပ်သားများက လုပ်ငန်းဆောင်ရွက်ရာမှ မတော်တဆတွေ့ရှိရသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမပြုဘဲ မူလလက်ရာပျက်စီးစေရန် အရည်ကျို၍ ထုခွဲရောင်းချခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

## တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းတားဆီး


ရှေးဟောင်းဝတ္ထုပစ္စည်းများသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုအဆင့်အတန်းများကို ဖော်ညွှန်းပြသနေသော အမွေအနှစ်ပစ္စည်းများဖြစ်သဖြင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကို တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းတားဆီး၍ ကာကွယ်ထိန်းသိမ်းရမည် ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများအား မတော်တဆတွေ့ရှိခဲ့လျှင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လာရောက်အပ်နှံပါက လွှဲပြောင်းအပ်နှံသူကို အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ အပ်နှံသည့်ဝတ္ထုပစ္စည်း၏ မူလတန်ဖိုး၊ ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုးအပြင် ရှားပါး၍အနုလက်ရာပြောင်မြောက်သည့် ဝတ္ထုပစ္စည်းများဖြစ်ပါက ထပ်ဆောင်းတန်ဖိုးကိုပါ ထပ်တိုးတွက်ချက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက

စာမျက်နှာ ၁၁ သို့






ရှေးဟောင်းဝတ္ထုပစ္စည်းများအပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။





၂၀၀၅ ခုနှစ်တွင် မိုင်းမောကျေးရွာ အရှေ့တောင်ဘက် ကင်းတားဆည်လက်တံဖောက်လုပ်ရာမှ တွေ့ရှိခဲ့ပြီး ဦးစီးဌာနသို့ အပ်နှံခဲ့သည့် ပျူခေတ်ဗုဒ္ဓဆင်းတုတော်များနှင့် ငွေစေတီများ။

*စာမျက်နှာ ၁၀ မှ*

ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လျက်ရှိပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို ၎င်းပစ္စည်း၏ ခေတ်ကာလအပေါ်မူတည်၍ ဆုကြေးအမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းအထိ ချီးမြှင့်လျက်ရှိသကဲ့သို့ လက်ရာပြောင်မြောက်ကောင်းမွန်လျှင် လက်ရာကြေးအမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းအထိ ထပ်မံချီးမြှင့်ပေးလျက်ရှိပါသည်။ အပ်နှံသည့် ရွှေ ငွေ ပစ္စည်းများကို လာရောက်အပ်နှံသည့်အချိန်ကာလတွင်ရှိသည့် ပေါက်စျေးနှုန်းအတိုင်း ဆုကြေးတွက်ချက်ခြင်းဖြစ်ရာ ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံသူသည် နေ့စဉ်ပေါက်စျေးကာလတန်ဖိုးနှင့် ထပ်ဆောင်းတန်ဖိုးအပါအဝင် အများဆုံး သုံးဆအထိ ချီးမြှင့်ငွေရရှိမည်ဖြစ်ပါသည်။ လာရောက်အပ်နှံသည့်နေ့မှစတင်၍ ရက်သတ္တပတ်နှစ်ပတ်မှ အများဆုံး လေးပတ်အတွင်း ဆုကြေးငွေ ချီးမြှင့်ပေးလျက်ရှိပါသည်။

**ထိုက်ထိုက်တန်တန်ဂုဏ်ပြု**

သာဓကအနေဖြင့် ၂၀၀၅ ခုနှစ်က မိုင်းမောပျူမြို့ဟောင်းမှ ရွှေဖြင့်ပြုလုပ်ထားသည့် ပျူခေတ်ဘုရားဆင်းတုနှင့် စေတီငယ်များကို န္တားကျောင်းသားတစ်ဦးက အမှတ်မထင်ရရှိခဲ့ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ အပ်နှံခဲ့သည့်အတွက် ၎င်းအား နေ့စဉ်ပေါက်စျေးဖြင့် တွက်ချက်သော ပစ္စည်း၏မူလတန်ဖိုးအပြင် လက်ရာကြေးနှင့် ခေတ်ကာလကြေးပါ ထည့်သွင်းတွက်ချက်၍ သိန်း ၁၅၀ ကျော် ဆုချီးမြှင့်ပေးအပ်ခဲ့သည့် သာဓကလည်း

> **❝ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ၎င်းပစ္စည်း၏ ခေတ်ကာလအပေါ်မူတည်၍ ဆုကြေးအမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းအထိ ချီးမြှင့်လျက်ရှိသကဲ့သို့ လက်ရာပြောင်မြောက်ကောင်းမွန်လျှင် လက်ရာကြေးအမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းအထိ ထပ်မံချီးမြှင့်ပေးလျက်ရှိပါသည်။ အပ်နှံသည့် ရွှေ၊ ငွေပစ္စည်းများကို လာရောက်အပ်နှံသည့် အချိန်ကာလတွင်ရှိသည့် ပေါက်စျေးနှုန်းအတိုင်း ဆုကြေးတွက်ချက်ခြင်းဖြစ်ရာ ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံသူသည် နေ့စဉ်ပေါက်စျေး ကာလတန်ဖိုးနှင့် ထပ်ဆောင်းတန်ဖိုးအပါအဝင် အများဆုံးသုံးဆအထိ ချီးမြှင့်ငွေရရှိမည် ❞**



၂၀၁၂ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် လက်ခုတ်ပင်ကျေးရွာမှ ဒေါ်ကေသဇင်ကျော်တွေ့ရှိခဲ့ပြီး ဦးစီးဌာနသို့အပ်နှံခဲ့သည့် ပျူခေတ်လက်ရာ နယားခေါင်းပုံပါ လက်ကြပ်တစ်ကွင်း။

ရှိခဲ့ပါသည်။ ၎င်းအပြင် ၂၀၁၈ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ဖြူကျေးရွာ အနောက်ဘက် ပေ ၁၀၀၀ ခန့် အကွာရှိ ချောင်းကမ်းပါးပြိုကျရာမှတွေ့ရှိသော ပျူခေတ်လက်ရာ အနုပညာပြောင်မြောက်သော ရွှေအရည်အသွေး ၂၂ ကာရက်၊ အလေးချိန် ၁၇၉ ဒသမ ၅ ဂရမ်ရှိသည့် ရွှေပုတီးစေ့ ၁၃ စေ့နှင့် ရွှေကနုတ်ပုံလက်ရာပါရှိသည့် ဆွဲပြားတစ်ခု စုစုပေါင်းရွှေထည်ပစ္စည်း ၁၄ ခုနှင့် ရတနာပုံခေတ်လက်ရာ ကြေးအလေးနှစ်ခုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ တာဝန်သိစွာအပ်နှံခဲ့ခြင်းအတွက် မူလတန်ဖိုး၊ ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုး၊ ထပ်ဆောင်းတန်ဖိုးအပါအဝင် ဆုကြေးငွေ ၃၄၉၃၆၈၆၁ ကျပ် (သုံးရာလေးဆယ့်ကိုးသိန်း သုံးသောင်းခြောက်ထောင် ရှစ်ရာခြောက်ဆယ့်တစ်ကျပ်တိတိ)နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထို့ကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အကြောင်းတစ်စုံတစ်ရာကြောင့် မတော်တဆတွေ့ရှိခဲ့ပါက သတင်းပို့အကြောင်းကြား၍ နိုင်ငံတော်သို့ အပ်နှံခြင်းသည် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်ပါသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေအား မသိနားမလည်၍ ဖြစ်စေ၊ သိရှိနားလည်၍ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းများအား ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ သယ်ယူခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို တူးဖော်ရှာဖွေခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အပ်နှံခြင်းမပြုဘဲ အရည်ကျိုခြင်း၊ ထုနှက်ပုံဖျက်ခြင်းစသည့် မူလပုံစံပျက်ယွင်းစေခြင်းများ ပြုလုပ်ပါက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ အရ ထောင်ဒဏ်နှင့် ငွေဒဏ်များ ချမှတ်ခံရမည်ဖြစ်ပြီး ပစ္စည်းများကိုပါ နိုင်ငံတော်က သိမ်းဆည်းမည်ဖြစ်ပါသည်။

**တန်ဖိုးထားကာကွယ်ထိန်းသိမ်း**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသို့ လာရောက်အပ်နှံသော ရှေးဟောင်းဝတ္ထုပစ္စည်းများအနက် ခေတ်ကာလအသီးသီးနှင့် သက်ဆိုင်သောပစ္စည်းများကို အများပြည်သူများ လေ့လာနိုင်ရန်အတွက် အမျိုးသားပြတိုက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုပြတိုက်များတွင် ပြသထားရှိပါသည်။ သို့ပါ၍ အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးကြီးမားမှုကို နားလည်သိရှိပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအမွေနှစ်များကို တန်ဖိုးထား ကာကွယ်ထိန်းသိမ်းပေးရန် လိုအပ်ပါသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် မတော်တဆတွေ့ရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အရည်ကျိုခြင်း၊ ထုနှက်ပုံဖျက်ခြင်း၊ မူလလက်ရာပုံစံဖျက်ဆီးခြင်းများ မပြုလုပ်ရန်နှင့် တရားမဝင်ရောင်းဝယ်ခြင်းများမပြုလုပ်ပါရန် လိုအပ်ကြောင်း၊ တာဝန်သိသိဖြင့် နိုင်ငံတော်သို့အပ်နှံပါက ကာလပေါက်စျေးထက်ပိုမိုများပြားသောဆုကြေးငွေများ ချီးမြှင့်ရရှိခြင်းနှင့်အတူ ဂုဏ်ပြုမှတ်တမ်းလွှာပါ ချီးမြှင့်ပေးလျက်ရှိပါသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများအား မတော်တဆတွေ့ရှိခဲ့ပါက သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊ နိုင်ငံတော်သို့ အပ်နှံခြင်းဖြင့် မိမိတို့၏အမွေအနှစ်များ မပျောက်ပျက်အောင် ဆောင်ရွက်ရာလည်းရောက်သကဲ့သို့ မိမိနှင့် မိမိအသိုင်းအဝိုင်းတွင်ပါ ဂုဏ်သိက္ခာရှိသူများ ဖြစ်လာကြပါမည်။ မိမိတိုင်းပြည်၏ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို အခြားသော တရားမဝင်နေရာများနှင့် မသမာသူများလက်မှတစ်ဆင့် နိုင်ငံပြင်ပသို့ ရောက်ရှိမသွားရလေအောင် ပြည်သူများကလည်း ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။



၂၀၁၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ဖြူကျေးရွာ အနောက်ဘက် ပေ ၁၀၀၀ ခန့်အကွာရှိ ချောင်းကမ်းပါးပြိုကျရာမှတွေ့ရှိခဲ့ပြီး ဦးစီးဌာနသို့အပ်နှံခဲ့သည့် ပျူခေတ်လက်ရာ ရွှေပုတီးစေ့နှင့် ရွှေပြား။

## ကသာမြို့၌ ပြာသိုလပြည့်(အမေများနေ့)အထိမ်းအမှတ် စတုဒိသာကျွေးမွေး

**ကသာ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ရပ်ကွက် ၄ ရေဝန်းကျောင်းတိုက်ရှေ့၌ ပြာသိုလပြည့် (အမေများနေ့) အထိမ်းအမှတ်အဖြစ် ယနေ့နံနက် ၇နာရီခွဲမှ စတင်၍ မုန့်ဟင်းခါးစတုဒိသာကျွေးမွေးသည်။

ထိုစတုဒိသာကျွေးမွေးပွဲကို ရေဝန်းကျောင်းဆရာတော် ဦးကေလာသအား ဦးထိပ်ထား၍ ကသာမြို့သူမြို့သားများနှင့် ခုနစ်ရက်သားသမီးတို့ကောင်းမှုဖြင့် မုန့်ဟင်းခါး ပိဿာချိန် ၅၀၀ ကျွေးမွေးခဲ့သည့်အပြင် အလှူရှင်များက ထမင်း၊ ကြာဆံချက်တို့ကိုလည်း အာဟာရဒါနပြုခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**




# ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီခွဲအချိန် သတင်းအရ တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအနီး၌ တောင်ကြီးမှ အောင်ပန်းဘက်သို့ ဟန်လင်းကျော် မောင်းနှင်ပြီး မယွန်းသီရိကျော် လိုက်ပါလာသည့် TOYOTA MARK II ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ သတင်းကွင်းဆက်အရ ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီအချိန် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး၌ တောင်ကြီးမှ ရန်ကုန်သို့ ဇော်ဇော်အောင်(ခ)ထက်အောင် မောင်းနှင်ပြီး သန်းထွန်း နှင့် ကျော်ဝင်း(ခ)ဘလိတို့ လိုက်ပါလာသည့် CRV မော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်း ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ အထက်ပါ ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်သိန်းအား ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ပန်လင်းဆိုင်ကျေးရွာနေ စိုင်းလာ(ခ)ကိုစိုင်း၏ အစီအမံဖြင့် ကွန်ဟိန်းမြို့နယ် ကာလိကျေးရွာနေ စိုင်းဘမောင်(ခ)ကိုဘ(ခ) စိုင်းယွန်း ထံမှ ဝယ်ယူခဲ့ပြီး လွိုင်လင်မြို့နယ် နောင်လိုင်မူဖိတ်ကျေးရွာနေ စိုင်းထွန်းလှမှ တောင်ကြီးမြို့သို့ တာဝန်ခံသယ်ဆောင်၍ ဟန်လင်းကျော် နှင့် မယွန်းသီရိကျော်တို့အား စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်းကို ပြန်လည်ရောင်းချခဲ့ကြောင်း၊ ဇော်ဇော်အောင်(ခ)ထက်အောင်၊ သန်းထွန်း နှင့် ကျော်ဝင်း(ခ)ဘလိတို့အား စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းကို တောင်ကြီးမှ ရန်ကုန်သို့ သယ်ဆောင်ခိုင်းခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အသွင်ပြောင်းဌာနေပြည်သူ့စစ် (PNO) အဖွဲ့နှင့်ပူးပေါင်း၍ ဟိုပုံးမြို့နယ် ဖက်ရမ်းကြီးကျေးရွာတွင် စိုင်းထွန်းလှအား ဖမ်းဆီးရမိခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်သည့် ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ သိန်း ဖမ်းဆီးရမိမှု။




ဆက်လက်၍ ရန်ကုန်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများလက်ခံ၍ ပြန်လည်ရောင်းချသူများဖြစ်သည့် အောင်ကျော်ငွေး(ခ)ကိုငွေးနှင့် စိုင်းဝေအောင်တို့အား သဃ်န်းကျွန်းမြို့နယ်၌လည်းကောင်း၊ ဦးဦးသန့်ဇော်အား တာမွေမြို့နယ်၌ လည်းကောင်း အသီးသီးဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**





ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ပုသိမ်ကြီးမြို့နယ်၌ မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ပုသိမ်ကြီး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ် မီးသတ်ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍



မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အနေဖြင့် ယမန်နေ့က ရန်ကင်းတောင် ကျေးရွာ၌ အသိပညာပေးလုပ်ငန်းများ လှည့်လည်ဆော်ဩခဲ့ကြသည်။

မြို့နယ်အတွင်း တောမီးလောင်ကျွမ်းမှုမရှိစေရေး၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှုမရှိစေရေး၊ ရပ်/ရွာများ မီးဘေးအန္တရာယ်ကျရောက်မှု မရှိစေရေးတို့ကို မြို့နယ်မီးသတ်ဦးစီး အရာရှိ ဦးမင်းသန့် ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်သည်။

**မြို့နယ်(ပြန်/ဆက်)**

## စဉ့်ကိုင်မြို့မဈေးအတွင်း၌ မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြသ

**စဉ့်ကိုင် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မြို့မဈေးအတွင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်းကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကို ဇန်နဝါရီ ၁၃ ရက်က ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်က ဈေးသူ ဈေးသားများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

*✻ ကျောဖုံးမှ*

ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရ အသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း ကိုးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ငါးသင်းပါဝင်သော အုပ်စုပွဲများကို ဇန်နဝါရီ ၁၁ ရက်မှစ၍ ကျင်းပလျက်ရှိပြီးလေးသင်းပါဝင်သော အုပ်စုပွဲများကို ဇန်နဝါရီ ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ အာရှဖလားအမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စု (D) တွင် ဗီယက်နမ်၊ တရုတ် (တိုင်ပေ)၊ မကာအိုနှင့် မြန်မာအသင်းတို့ ကျရောက်နေပြီး ဇန်နဝါရီ ၁၅၊ ၁၇၊ ၁၉ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် တရုတ်(တိုင်ပေ)အသင်းနှင့် မကာအိုအသင်း၊ ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မကာအိုအသင်း၊ ညနေ ၅ နာရီတွင် မြန်မာအသင်း နှင့် တရုတ်(တိုင်ပေ)အသင်း၊ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် တရုတ်(တိုင်ပေ)အသင်းနှင့် ဗီယက်နမ်အသင်း၊ ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် မကာအိုအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် အာရှဖလားခြေစစ်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်လျက်ရှိသည်။ **ကိုညီလေး၊ဓာတ်ပုံ-MFF**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ကမ္ဘောဇဘဏ်ခွဲ(၃၇)အား သေနတ်ပြခြိမ်းခြောက်၍ ဝင်ရောက်လုယက်သူ အမျိုးသားတစ်ဦးကို ဘဏ်ဝန်ထမ်းများက ဝိုင်းဝန်းဖမ်းဆီးရာ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ငါးတောင့်တို့နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် လမ်း ၄၀၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြားရှိ ကမ္ဘောဇဘဏ်ခွဲ(၃၇)၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် လုယက်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကမ္ဘောဇဘဏ်ခွဲ(၃၇)အတွင်းသို့ ပြောက်ကျားအင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်အနက်ရောင်ဝတ်ဆင်ထားသူ အမျိုးသားတစ်ဦး(စိစစ်ဆဲ) က ငွေလွှဲ/ငွေထုတ် ပြုလုပ်ဟန်ဆောင်ကာ ဝင်ရောက်လာပြီး ဘဏ်ကောင်တာ အမှတ်(၄)ရှေ့အရောက် အသင့်ယူဆောင်လာသည့် သေနတ်ဖြင့် ဘဏ်ဝန်ထမ်းများအား ချိန်ရွယ်ခြိမ်းခြောက်၍ ၎င်းလွယ်လာသည့် ကျောပိုးအိတ်အတွင်း ငွေများအား ထည့်ခိုင်းကာ လုယက်ယူဆောင်၍ ဘဏ်အတွင်းမှ ပြန်လည်ထွက်ခွာစဉ် ဘဏ်ဝန်ထမ်းများနှင့် တာဝန်သိပြည်သူများက လုယက်သူအမျိုးသားအား ဝင်ရောက်လုံးထွေးဖမ်းဆီးရာ ၎င်းမှ သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ခဲ့သဖြင့် ဒုမန်နေဂျာဖြစ်သူ ဦးလမင်းကိုကို၏ ဝဲဘက်လက် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး လုယက်မှုကျူးလွန်သူ တရားခံ အောင်ပြည့်ဖြိုး(ခ)ရောင်နီ(၃၂)နှစ်၊ (ဘ) ဦးညီညီ၊ မှန်တန်းရပ်ကွက် အမရပူရမြို့နယ်နေသူအား လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ငါးတောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားခံ အောင်ပြည့်ဖြိုး(ခ) ရောင်နီအား မဟာအောင်မြေမြို့နယ် အမှတ်(၉)နယ်မြေရဲစခန်း၌ (ပ)၁၁/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၀၇ ဖြင့် အမှုဖွင့်လှစ်စစ်ဆေးခဲ့သည်။



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ကမ္ဘောဇဘဏ်ခွဲ(၃၇)အား သေနတ်ပြခြိမ်းခြောက်၍ ဝင်ရောက်လုယက်သူ အမျိုးသားတစ်ဦးကို ဘဏ်ဝန်ထမ်းများက ဝိုင်းဝန်းဖမ်းဆီးရာ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ ၉ မမကျည် ငါးတောင့်တို့နှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိသူ တရားခံ အောင်ပြည့်ဖြိုး (ခ) ရောင်နီ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၁ ရက် ည ၆ နာရီ ၅ မိနစ်တွင် ၎င်း၏မိဘနေထိုင်ရာ အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ နေအိမ်ရှိ အိမ်သာအမိုးကြားမှ လက်လုပ်သေနတ်အတိုနှစ်လက်၊ ဂျင်ကလိ ၁၈ ချောင်း၊ တီရှပ်အင်္ကျီတစ်ထည်တို့ကိုလည်းကောင်း၊ ည ၆ နာရီ မိနစ် ၂၀ တွင် ၎င်းငှားရမ်းနေထိုင်သည့် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ၉ မမကျည် ၁၈ တောင့်၊ MDY 1W/59983 စူပါကတ်အမျိုးအစား ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ တရားခံ အောင်ပြည့်ဖြိုး (ခ) ရောင်နီအား စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၂၂ ခုနှစ် ၆ လပိုင်းခန့်က ခင်မင်ရင်းနှီးသူ ကိုနိုင်ဦး(ခ)ကိုဦး(ခ)လောင်ချာ(စိစစ်ဆဲ)နှင့်အတူ စဉ့်ကိုင်မြို့နယ် တဘတ်စွဲကျေးရွာအနီးရှိ သရက်ခြံအတွင်း ဖွင့်လှစ်သော PDF အကြမ်းဖက်သင်တန်းအား တက်ရောက်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်းများနှင့် နေအိမ်များ၌ ထပ်မံရှာဖွေသိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများအား ကိုနိုင်ဦး(ခ)ကိုဦး(ခ)လောင်ချာထံမှ ဖုန်းဖြင့် ချိတ်ဆက်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ကိုနိုင်ဦး(ခ)ကိုဦး(ခ)လောင်ချာထံ ဖုန်းဖြင့်ဆက်သွယ်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သို့ ငွေများအား အကြိမ်ကြိမ်ထောက်ပံ့ခဲ့ကြောင်းနှင့် အကြမ်းဖက်အဖွဲ့သို့ ထပ်မံငွေကြေးထောက်ပံ့ပေးရန် ရည်ရွယ်၍ ကမ္ဘောဇဘဏ်(၃၇) အား ဝင်ရောက်ပစ်ခတ် လုယက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံ အောင်ပြည့်ဖြိုး(ခ) ရောင်နီသည် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၎င်းအကြမ်းဖက်အဖွဲ့သို့ ငွေကြေးထောက်ပံ့ရန်ရည်ရွယ်၍ ကမ္ဘောဇဘဏ်(၃၇)အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ဝင်ရောက်လုယက်ခဲ့မှုကြောင့် ဘဏ်ဝန်ထမ်းတစ်ဦး ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## မဟာအောင်မြေမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်



**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် မြောက်ရပ်ကွက်အတွင်းရှိ လူနေအိမ်များကို မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညွန့်ဝင်းအောင် ဦးဆောင်၍ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ ဖြင့် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**၂၂၂**

## မင်းတုန်းမြို့နယ် စပါးတန်းကျေးရွာ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**မင်းတုန်း ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် စပါးတန်းကျေးရွာ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၂၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ မင်းတုန်းမြို့နယ် ဝန်တွင်းကျေးရွာအခြေပြု လုံခြုံရေးအဖွဲ့မှ ဗိုလ်ကြီးထူးမြတ်ကျော်က အမှာစကားပြောကြားသည်။

သင်တန်းကို မင်းတုန်းမြို့နယ်အတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စပါးတန်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အား မြို့နယ် မီးသတ်ဦးစီးဌာနမှ သင်တန်းနည်းပြများက ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

## မင်းဘူးမြို့နယ် ရွှေစက်တော်အနီး အိုးပြင်မဲရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မီးရှို့ဖျက်ဆီးသဖြင့် နေအိမ် ၃၆ လုံး ပျက်စီးပြီး ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း မဟုတ်မမှန်ရေးသားထုတ်လွှင့်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

**မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွှေစက်တော်အနီးရှိ အိုးပြင်မဲရွာကို ဇန်နဝါရီ ၁၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မီးရှို့ဖျက်ဆီးခြင်းကြောင့် နေအိမ် ၃၆ လုံး ပျက်စီးခဲ့ကြောင်း ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။**

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်များအရ အဆိုပါကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အလိုကျလိုက်ပါဆောင်ရွက်ခြင်းမရှိသည့် ဒေသခံပြည်သူများ နေထိုင်သည့် ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများက အဆိုပါကျေးရွာအား မီးရှို့ဖျက်ဆီးသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချလုပ်ကြံ ဖန်တီးရေးသားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု**

# လေးပွင့်ဆိုင်လုံခြုံရေးမိတ်ဖက်နိုင်ငံများအဖွဲ့ (QUAD) နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကျင်းပရန် ဂျပန်စီစဉ်

**တိုကျို ဇန်နဝါရီ ၁၃**

လာမည့်သီတင်းပတ်တွင် လေးပွင့်ဆိုင်လုံခြုံရေးမိတ်ဖက်နိုင်ငံများအဖွဲ့(QUAD) နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကျင်းပရန် ဂျပန်အစိုးရက အမေရိကန်၊ ဩစတြေးလျ၊ အိန္ဒိယနိုင်ငံတို့နှင့် စီစဉ်နေကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာတာကေချီက ဇန်နဝါရီ ၁၂ ရက်က အင်န်အိတ်ချ်ကေ၏ အချေအတင်ဆွေးနွေးပွဲ၌ ဇန်နဝါရီ ၂၀ ရက်တွင် ပြုလုပ်မည့် ထရမ့်အစိုးရ၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ပြောသည်။

ဂျပန်တာဝန်ရှိသူများသည် အီဝါယာ၏ အမေရိကန်ခရီးစဉ်နှင့် စပ်လျဉ်းပြီး QUAD အဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ပြုလုပ်ရန်စီစဉ်နေကြောင်း သိရသည်။ ဂျပန်နိုင်ငံက လွတ်လပ်ပြီး ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ ပေါ်ပေါက်လာရန်အတွက် လေးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုထိန်းသိမ်းထားရေးနှင့် ခိုင်မာအားကောင်းစေရေးကို အမေရိကန်အစိုးရသစ်နှင့် အတည်ပြုနိုင်ရန် မျှော်လင့်ထားသည်။

ထို့အပြင် ဂျပန်အစိုးရသည် အီဝါယာနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ကြား တွေ့ဆုံရေးကိုလည်း ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း၊ ထိပ်တန်းသံတမန်များသည် မဟာမိတ်ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရန် ဂျပန်နှင့် အမေရိကန်နိုင်ငံတို့ကြား ယုံကြည်မှုရှိသော ဆက်ဆံရေးတစ်ခု တည်ဆောက်ရန်ကြိုးပမ်းဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ဂါဇာအပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန် အစ္စရေးကိုယ်စားလှယ်အဖွဲ့ ကာတာသို့ရောက်ရှိ

**ဂါဇာ ဇန်နဝါရီ ၁၃**

အစ္စရေးလုံခြုံရေးကိုယ်စားလှယ်အဖွဲ့သည် ဂါဇာကမ်းမြောင်တွင် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးရန် ဇန်နဝါရီ ၁၂ ရက်တွင် ကာတာနိုင်ငံသို့ ရောက်ရှိလာကြကြောင်း သိရသည်။



အစ္စရေး ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက စေလွှတ်လိုက်သော ကိုယ်စားလှယ်အဖွဲ့တွင် မော့ဆက်ထောက်လှမ်းရေး အေဂျင်စီအကြီးအကဲ ပါဝင်ကြောင်း၊ အစ္စရေးနှင့် ဟားမားစ်တို့ ပဋိပက္ခဖြစ်ပွားမှုကြောင့် ဂါဇာကမ်းမြောင်တွင် သေဆုံးသူပေါင်း ၄၆၀၀၀ ရှိလာကြောင်း၊ ကြားဝင် ညှိနှိုင်းပေးသည့် ကာတာနိုင်ငံတွင် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့၏ အကြီးတန်းအရာရှိတစ်ဦးနှင့် အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ် ထရမ့်၏ အရှေ့အလယ်ပိုင်းဆိုင်ရာ သံတမန်တို့လည်း ကာတာနိုင်ငံသို့ ရောက်ရှိနေသည်။ အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်က စီအင်န်အင်န်အစီအစဉ်တစ်ခုတွင် သဘောတူညီမှုရရှိရန် အလွန်နီးစပ်နေပြီ ဖြစ်ကြောင်း ပြောသည်။

ဟားမားစ်တို့သည် ဇန်နဝါရီ ၂၀ ရက် ကျမ်းသစ္စာကျိန်ဆိုပွဲ မတိုင်မီ ဓားစာခံများ ပြန်မလွှတ်ပါက ကြီးမားစွာပေးဆပ်ရမည်ဟု ထရမ့်က ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ ကြက်မွေးမြူရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံရင်းနှီးမြှုပ်နှံ

**ကဘူးလ် ဇန်နဝါရီ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ၌ အသားနှင့် ဥများထုတ်လုပ်ရာတွင် ဖူလုံမှုရှိစေရေးအတွက် အကူအညီပေးရန် ကြက်မွေးမြူရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာတစ်ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လက်ရှိတွင် ကြက်မွေးမြူရေးခြံ ၁၅၀၀၀ ကျော်ရှိပြီး ပုဂ္ဂလိကလုပ်ငန်းများ၏ ကြက်မွေးမြူရေးကဏ္ဍအတွင်း အမေရိကန်ဒေါ်လာတစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့သည်ဟု ဇန်နဝါရီ ၁၂ ရက်က မစ်ဘာ့ဟတ်ဒင် မတ်စ်တင်း၏ ပြောကြားချက်ကို ကိုးကားပြီး ဒေသတွင်း မီဒီယာ တိုလိုနယူးစ်က ဖော်ပြထားသည်။ ဝန်ကြီးဌာနက ကြက်မွေးမြူသူများကို ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ**



## လော့စ်အိန်ဂျလိစ် တောမီးကြောင့် သေဆုံးသူ ၂၄ ဦးရှိလာ

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၃**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဖြစ်ပွားသည့် ကြောက်မက်ဖွယ်တောမီးကြောင့် သေဆုံးသူဦးရေမှာ ၂၄ ဦး ရှိလာပြီဟု ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်များက ပြောသည်။

ဇန်နဝါရီ ၇ ရက်က လော့စ်အိန်ဂျလိစ်၌ စတင်လောင်ခဲ့သည့် တောမီးကြောင့် အဆောက်အအုံပေါင်း ၁၂၀၀၀ ကျော် ပျက်စီးခဲ့ပြီးဖြစ်သည်။ တောမီးကြောင့် ထိခိုက် ခံစားခဲ့ရသူများအတွက် သက်သာချောင်ချိရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။



မြင်းပြိုင်ကွင်း တစ်ခုတွင် ပြုလုပ်ထားသည့် အလှူခံဌာန၌ အဝတ်အစားများ၊ သောက်ရေသန့်များနှင့် ကလေးအနှီးများဖြင့် ပြည့်နေသည်။ စေတနာ့ဝန်ထမ်းများသည် ဇန်နဝါရီ ၁၂ ရက်တွင် ပစ္စည်းများ ခွဲထုတ်ရန် ကူညီဆောင်ရွက်ကြသည်။

အမေရိကန် အမျိုးသားမိုးလေဝသခန့်မှန်းမှုဌာနက ဇန်နဝါရီ ၁၅ ရက်အထိ လော့စ်အိန်ဂျလိစ်တွင် လေပြင်းများ ထပ်မံအားကောင်းလာမည်ဟု ခန့်မှန်းထားသည်။ ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းမှ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းအထိ အန္တရာယ်ရှိသည့် အခြေအနေဟု သတိပေးထားသည်။

**ဆင်ဟွာ**

## ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၁ ဦးသေဆုံး

**ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၁၃**

ဘရာဇီးနိုင်ငံတောင်ပိုင်း၌ ဇန်နဝါရီ ၁၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၁၁ ဦးရှိပြီး ၎င်းတို့အနက် ကိုးဦးမှာ မီးနပ်ဂျီရေ့စ်ပြည်နယ် တောင်ကြားဒေသ၌ မြေပြိုမှုကြောင့် သေဆုံးသူများဖြစ်သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။

အိုင်ပက်တင်ဂါမြို့တွင် မြေပြိုမှုကြောင့် ကိုးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေဆဲဖြစ်သည်။ အဆိုပါမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုနှင့်ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် တာဝန်ရှိသူများက ရက်ပေါင်း ၁၈၀ ကြာ လူထုသဘာဝဘေးအန္တရာယ်အဖြစ် ကြေညာခဲ့သည်။

မီးနပ်ဂျီရေ့စ် အုပ်ချုပ်ရေးမှူးက ဇန်နဝါရီ ၁၃ ရက်တွင် အဆိုပါဒေသသို့ သွားရောက်ကာ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်ရန်နှင့် နေအိမ်ဆုံးရှုံးသွားသူများအတွက် လုံခြုံစိတ်ချရသည့် ယာယီအိမ်ရာများ ပြုလုပ်ပေးသွားမည်ဟု လူမှုကွန်ရက်မီဒီယာတွင် ပြောသည်။ ဆန်တာ ကက်တာရီနားဒေသတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၅၀၀၀၀ ခန့်ရှိ

**ကိုလံဘို ဇန်နဝါရီ ၁၃**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၀၀၀၀ ခန့်ရှိပြီး သေဆုံးသူ ၂၄ ဦးရှိကြောင်း နိုင်ငံ၏ အမျိုးသားသွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဌာန(အင်န်ဒီစီယူ)က ထုတ်ပြန်ထားသည်။

၂၀၂၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၉၈၇၇ ဦးကို စစ်ဆေးတွေ့ရှိခဲ့ပြီး သေဆုံးသူနှုန်းမှာ ၀ ဒသမ ၀၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခုနှစ် ဇန်နဝါရီလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၀၄၅ ဦးတွေ့ရှိရာ သီရိလင်္ကာနိုင်ငံ၌ လူဦးရေအများဆုံးဖြစ်သည့် အနောက်ပိုင်းပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၄၄ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း အင်န်ဒီစီယူက ထုတ်ပြန်ထားသည်။ တောင်အာရှကျွန်းနိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၈၈၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၅၇ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အထက်မင်းလှမြို့နယ်၌ ကီလိုမာလကာသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်ရှိ ကျေးရွာများ၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး မြေအမျိုးအစားမရွေး ဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးရန် လွယ်ကူသော နှစ်ရှည်ပင်သီးနှံ တစ်မျိုးဖြစ်သည့် ကီလိုမာလကာသီးနှံကို ပန်းတော်ပြင်ကျေးရွာတွင် ဥယျာဉ်ခြံမြေများနှင့် ယာမြေများ၌ စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။



မျိုးအနေဖြင့် ကီလိုမာလကာကိုင်းကူးပျိုးပင်များကို အစိုဓာတ်ကောင်းမွန်စွာရရှိသည့် ဇွန်လနှင့် ဇူလိုင်လများတွင် အများဆုံး စိုက်ပျိုးကြပြီး မြေအောက်ရေကို အသုံးပြု၍လည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ပင်ခြား ၁၁ ပေ၊ တန်းခြား ၁၂ ပေ အကွာအဝေးဖြင့် တစ်ကေလျှင် ကီလိုမာလကာပင် ၃၀၀ ခန့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ်သိန်း ၆၀ ခန့် ကုန်ကျကြောင်း၊ ကိုင်းကူး ကီလိုမာလကာပင်မှာ စိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် အသီးများကို စတင်ခူးဆွတ်ရောင်းချနိုင်ပြီး ကီလိုမာလကာသီးမှာ တစ်နှစ်ပတ်လုံးခူးဆွတ်ရရှိ၍ တစ်နှစ်လျှင် လေးကြိမ်ခူးဆွတ်ရကြောင်း၊ မြေအနေအထားနှင့် အပင် ဖြစ်ထွန်းအောင်မြင်မှု၊ အပင်သက်တမ်းတို့အပေါ် မူတည်၍ တစ်ကြိမ်လျှင် ကီလိုမာလကာပင် တစ်ပင်အတွက် ပျမ်းမျှအလုံးရေ ၃၀-၄၀ ထွက်ရှိရာ တစ်နှစ်လျှင် တစ်ကေပျမ်းမျှအလုံးရေ ၃၆၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် သရက်-မင်းလှ ကားလမ်းဘေးရှိ သစ်သီးဆိုင်များနှင့် မင်းလှမြို့ ဇေယျာသီရိဈေးသို့ ရောင်းချရကြောင်း ကီလိုမာလကာစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)

# အထက်မင်းလှမြို့နယ်၌ ခရမ်းချဉ်သီးနှံ စိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးအမြတ်ရ

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး ဝါ၊ နှမ်း၊ ပဲမျိုးစုံ၊ ပြောင်း၊ ငရုတ်နှင့် စားဖိုဆောင်သီးနှံများကို စိုက်ပျိုးကြရာ မယ်ဇလီတောနှင့် ပန်းတောပြင်ကျေးရွာများ၌ ခရမ်းချဉ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ခရမ်းချဉ်သီးနှံကို အောက်တိုဘာလတွင်စိုက်ပျိုးပြီး ဇန်နဝါရီလတွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ ခရမ်းချဉ်သီးနှံ စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးပေါင်ဖြင့် ပျိုးထောင်ပြီး ပျိုးပင် ၂၅ ရက်သားအရွယ်တွင် စိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ထိုင်ဝမ်ခရမ်းချဉ်မျိုးများကို မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ ခရမ်းချဉ်သီးနှံ စတင်ခူးဆွတ်ချိန်တွင် ပိဿာချိန် ၁၅၀ ခန့် ထွက်ရှိ၍ တစ်ပတ်ထက်တစ်ပတ် ခရမ်းချဉ်သီးအထွက်နှုန်း ပိုမိုလာကြောင်း၊ ခရမ်းချဉ်သီးနှံကို သုံးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး နှစ်လခန့်ကြာသည်အထိ ခူးဆွတ်နိုင်ကြောင်း၊ ခရမ်းချဉ်သီးနှံတစ်ကေလျှင် စုစုပေါင်းပိဿာချိန် ၅၀၀၀-၆၀၀၀ ခန့်ထွက်ရှိရာ စိုက်ပျိုးမြေအနေအထား၊ သီးနှံဖြစ်ထွန်း အောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများကွဲပြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှ-သရက် ကားလမ်းဘေးရှိ ကုန်စိမ်းဒိုင်သို့ရောင်းချပြီး ထိုမှတစ်ဆင့် မင်းလှမြို့ပေါ်ရှိ ဇေယျာသီရိဈေး၊ မလွန်ဈေးနှင့် မန်းသံပုရာကန်ဈေးများသို့ ဖြန့်ဖြူးရောင်းချကြကြောင်း၊ ဆောင်းခရမ်းချဉ်သီးနှံမှာ မိုးခရမ်းချဉ်သီးနှံထက် ပိုမိုဖြစ်ထွန်းအောင်မြင်၍ အထွက်နှုန်းလည်း ပိုမိုထွက်ရှိရာ တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း သိရသည်။

DOCA(မကွေး)

# မြစ်သားမြို့နယ်၌ မတ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းမတ်ပဲများကို စိုက်ပျိုးကြကြောင်း၊ မြစ်သားမြို့နယ်အတွင်း ဆောင်းမတ်ပဲစိုက်ဧက ၂၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မတ်ပဲသီးနှံကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး သုံးလခန့်အကြာ ဇန်နဝါရီလကုန်နှင့် ဖေဖော်ဝါရီလဆန်းတွင် စတင်ထွက်ရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တစ်ကေလျှင် မတ်ပဲမျိုး ခြောက်ပြည်ခန့် ကုန်ကျပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၅၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် ၁၅-၁၆ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် မတ်ပဲသီးနှံစိုက်ခင်းများမှာ အသီးအပွင့်များဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် ထွက်ပေါ်မည်ဖြစ်ကြောင်း မတ်ပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

# အထက်မင်းလှမြို့နယ် တောင်ဦးကျေးရွာ၌ နေကြာသီးနှံများထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲကြီး၊ နေကြာ၊ ဝါ၊ ကြက်သွန်နီနှင့် အခြားမီးဖိုချောင်သုံးသီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ တောင်ဦးကျေးရွာ၌ နေကြာသီးနှံ ၁၃ ဧကခန့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

နေကြာသီးနှံကို ၂၀၂၄ ခုနှစ် စက်တင်ဘာလနှင့် နိုဝင်ဘာလတွင် စိုက်ပျိုးပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတွင် ရိတ်သိမ်းကြကြောင်း၊ နေကြာသီးနှံကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး မျိုးစေ့အနေဖြင့် ဆင်းရွှေကြာ – ၁ မျိုးကို စိုက်ပျိုးကြကြောင်း၊ တစ်ကေလျှင် မျိုးစေ့ သုံးပြည်မှ ငါးပြည်ခန့် ကုန်ကျပြီး မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၁၂၀၀၀၀ ကျော်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှု အပေါ်မူတည်၍ တစ်ကေလျှင် ၁၀ တင်းမှ ၁၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချသည့်အပြင် နေကြာဆီကြိတ်ခွဲ၍ ဒေသတွင်းရောင်းချမှုများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)

## ၁၃-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၀၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၄၅၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၉၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၈၄၃၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၈၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၈၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၅၄၀၀ | ၃၆၀၀ | ၁၅၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၄၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၉၀၀၀ | ၂၂၀၀၀ | ၂၆၅၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၅၆၀၀ | ၄၀၀၀ | ၁၅၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၅၀၀ | ၃၀၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၆၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

# ငါးမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုမြှင့်တင်ရေးဆီသို့ ...

ဒေါက်တာအောင်နိုင်ဦး(ငါးဦးစီး)

**မြန်မာနိုင်ငံသည် ရေချိုပိုင်း၊ ရေငန်ပိုင်းနှင့် ရေချိုရေငန်စပ်ဒေသဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသများ၌ ရေသယံဇာတအမယ်စုံ ပေါများစွာတည်ရှိသော နိုင်ငံဖြစ်ပြီး ငါး/ပုစွန်/ကဏန်း အစရှိသည့် ရေထွက်ကုန်ပစ္စည်းများစွာ မွေးမြူထုတ်လုပ်လျက်ရှိပါသည်။**

မြန်မာနိုင်ငံတွင် ရေသတ္တဝါမွေးမြူထုတ်လုပ်ခြင်းအား မြေသားကန်ဖြင့် အဓိကမွေးမြူထုတ်လုပ်ခြင်းဖြစ်ပါသည်။ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းတွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းအား ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ကိန်းဂဏန်းအရ ငါးမွေးကန်ဧရိယာ ၃၃၀၇၀၆ ဒသမ ၁၆၁ ဧကဖြင့် မွေးမြူထုတ်လုပ်လျက်ရှိပြီး ရေချို/ ရေငန် ပုစွန်မွေးမြူရေးလုပ်ငန်းကို ပုစွန်မွေးကန်ဧက ၁၃၈၃၀၀ ဒသမ ၀၂၀ နှင့် ကဏန်းမွေးမြူခြင်းလုပ်ငန်းအား မွေးကန်ဧရိယာ ဧက ၂၄၉၁ ဒသမ ၅၇၀ ဖြင့် မွေးမြူထုတ်လုပ်လျက်ရှိပါသည်။



ပဲခူးမြို့နယ်အတွင်းရှိ ငါးမွေးကန်မှ ငါးများပြန်လည်ဖမ်းဆီးရောင်းချရန် ပြင်ဆင်နေစဉ်။

### အခွင့်အလမ်းများစွာရှိ

ငါး/ပုစွန် မွေးမြူခြင်းလုပ်ငန်းကို ပုဂ္ဂလိကကဏ္ဍဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းအား စနစ်တကျ စီမံကြီးကြပ်ကွပ်ကဲခြင်းကို ဆောင်ရွက်ခြင်းနှင့် နည်းပညာများ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ ရေသတ္တဝါမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာသုံးသပ်ပါက ရေချိုငါးမွေးမြူရေးလုပ်ငန်းသည် ပိုမိုဖွံ့ဖြိုးပြီး ပမာဏအားဖြင့် ထုတ်လုပ်မှုများပြား၍ ရေငန်ငါး/ပုစွန် မွေးမြူရေးလုပ်ငန်းမှာ ဖွံ့ဖြိုးမှုနည်းပါးသေးသည်ကို တွေ့ရှိရပါသည်။ ငါးမွေးမြူရေးလုပ်ငန်း ထပ်မံတိုးချဲ့ရေးအတွက် မြေယာအသုံးချမှု၌ အကန့်အသတ်များရှိလာသဖြင့် လက်ရှိ မွေးမြူထုတ်လုပ်နေသော ဧရိယာများ၌ ထုတ်လုပ်မှုစွမ်းအားများ တိုးမြှင့်လာရန် မွေးမြူနည်းစနစ်ပြောင်းလဲခြင်း၊ သဘာဝရေပြင် မြစ်၊ ချောင်းများ၊ ဆည်၊ ရေလှောင်တမံများနှင့် ပင်လယ်ပြင်တို့၌ လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း၊ ပင်လယ်ကြမ်းပြင်နှင့် ပင်လယ်ပြင်၌ ကမာ၊ ရေမှော် စသည့်တို့အား တန်းချမွေးမြူခြင်းတို့ ဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိနေပါသည်။

မြန်မာနိုင်ငံ၌ ငါးမွေးမြူရေးလုပ်ငန်းကို ၁၉၅၃ ခုနှစ် ဝန်းကျင်တွင် တီလားပီးယား (Tilapia mossambicus) နှင့် ရွှေဝါငါးကြင်း (Common Carp) မွေးမြူခြင်းဖြင့် စတင်ခဲ့ရာ ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေပြဌာန်းမှုကြောင့် ငါးမွေးမြူသူများအတွက် ခိုင်မာသော အကျိုးစီးပွားဖြစ်ထွန်းစေမည့် အခွင့်အလမ်းများရရှိလာပြီး ရေချိုငါးမွေးမြူကန်ဧရိယာ နှစ်စဉ်ဖွံ့ဖြိုးလာကြောင်း တွေ့ရှိရပါသည်။ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတွင် အဓိက မွေးမြူလုပ်ကိုင်ကြပြီး ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ ငါးတန်၊ ငါးခုံးမကြီး၊ ရေချိုငါးမုတ်၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း စသည့် ငါးမျိုးစိတ် ၁၀ မျိုးကို စီးပွားဖြစ်မွေးမြူထုပ်လုပ်လျက်ရှိပါသည်။

ငါးမြစ်ချင်းငါးမျိုးသည် ရေချိုငါးမွေးမြူသူအများဆုံးမွေးမြူကြပြီး ထုတ်လုပ်မှု၏ ၆၅ ရာခိုင်နှုန်းကျော်မှာ ငါးမြစ်ချင်းငါးမျိုးဖြစ်ပါသည်။ အခြားအဓိက စီးပွားဖြစ်မွေးမြူကြသည့် ငါးမျိုးများမှာ ငါးတန် ၁၅ ရာခိုင်နှုန်း၊ ရေချိုငါးမုတ် ၇ ရာခိုင်နှုန်းနှင့် ငါးကြင်းဖြူ ၄ ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။ ကျန်ရှိသော အခြားမွေးမြူရေးငါးများဖြစ်သည့် ငါးသိုင်းခေါင်းပွ၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ထိုင်းငါးခုံးမ၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးပြေမ၊ ငါးခူ၊ ငါးရံ့၊ ကကတစ်တို့ကို မွေးမြူသည့် ပမာဏအားဖြင့် ၉ ရာခိုင်နှုန်း မွေးမြူကြကြောင်း လေ့လာသိရှိရပါသည်။

### နေ့စဉ်ထုတ်လုပ်မှုအခြေအနေ

မွေးမြူရေးငါး နေ့စဉ်ထုတ်လုပ်မှု အခြေအနေအရ ဖမ်းဆီးဖော်ယူသည့် ငါးပိဿာချိန် ၆၅၀၀၀၀ ရှိပြီး နေ့စဉ် ပြည်ပတင်ပို့သည့် ငါးပိဿာချိန် ၁၅၀၀၀၀ ရှိ၍ ပြည်တွင်းစားသုံးမှုမှာ ပိဿာ ၅၀၀၀၀၀ ရှိပါသည်။ အဓိကမွေးမြူရေးငါးများ တင်ပို့သည့် ရန်ကုန်ဈေးကွက်သို့ နေ့စဉ် မွေးမြူရေးငါးကုန်တက်စာရင်းမှာ ကြည့်မြင်တိုင်စံပြငါးဈေးသို့ ပိဿာ ၃၅၀၀၀၀၊ ရွှေပိတောက် ငါးဈေးသို့ ပိဿာ ၅၀၀၀၀၊ ငွေပင်လယ်ငါးဈေးသို့ ပိဿာ ၅၀၀၀၀၊ စက်ရုံသို့ တိုက်ရိုက်တင်ပို့မှုမှာ ပိဿာ ၃၀၀၀၀ နှင့် နယ်မြို့များသို့ ပိဿာ ၁၇၀၀၀၀ တင်ပို့လျက်ရှိပါသည်။

အာဆီယံဒေသတွင်း နိုင်ငံများအကြားတွင်လည်း မြန်မာနိုင်ငံသည် ငါးမြစ်ချင်းငါးပမာဏများစွာထုတ်လုပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုထားပြီး အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှလည်း မြန်မာနိုင်ငံမှတင်ပို့သော ငါးများသည် အရွယ်ကြီးသော ငါးမြစ်ချင်းငါးများဖြစ်ကြောင်း အသိအမှတ်ပြုကြပါသည်။ ငါးမြစ်ချင်းမွေးမြူထုတ်လုပ်နိုင်မှု ကိန်းဂဏန်းဖြင့်ပင် ၂၀၁၈ ခုနှစ် FAO ကိန်းဂဏန်းအရ ကမ္ဘာ့ရေသတ္တဝါ မွေးမြူထုတ်လုပ်သည့် ထိပ်တန်း ၁၀ နိုင်ငံတွင် အဆင့် ၉ ဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ရေချိုငါးမွေးမြူထုတ်လုပ်မှုသည် အဆင့်၇ ချိတ်နိုင်ခဲ့ပါသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ရေချိုငါးမွေးမြူထုတ်လုပ်မှုကဏ္ဍ၌ မျိုးစိတ်အားဖြင့် ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်းငါးမျိုး ထုတ်လုပ်မှုသည် အများဆုံးဖြစ်ပြီး ဒုတိယလိုက်သော မျိုးစိတ်မှာ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွနှင့် ငါးကြင်းငါးမျိုးပါဝင်သည့် အိန္ဒိယငါးကြင်းအုပ်စု၏ ထုတ်လုပ်မှုဖြစ်ပါသည်။

### စားနပ်ရိက္ခာဖူလုံရေး

ရေချိုငါးမွေးမြူထုတ်လုပ်မှုသည် စားနပ်ရိက္ခာဖူလုံရေး (Food Security) အတွက် ပြည်တွင်းစားသုံးမှုကို ဖူလုံစေသည်သာမက ပိုလျှံသည်များကို ပြည်ပပို့ကုန်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ် ကိန်းဂဏန်းအရ ရေသတ္တဝါမွေးမြူထုတ်လုပ်မှု၏ ၅ ဒသမ ၆၁ ရာခိုင်နှုန်းခန့်သည် ပြည်ပတင်ပို့မှုဖြစ်ပြီး ပြည်တွင်းစားသုံးမှုမှာ ၉၅ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လူတစ်ဦးချင်း ငါးစားသုံးမှုနှုန်းသည် ၂၀၁၀ ပြည့်နှစ်စာရင်းအရ ၂၀ ဒသမ ၇၂ ကီလိုဂရမ်ဖြစ်ပါသည်။ ငါးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ငါးထုတ်ကုန်များ စားသုံးမှုသည် မြေနိမ့်ပိုင်းဒေသတွင် အများဆုံးဖြစ်ပြီး လူတစ်ဦးချင်းအနေဖြင့် တစ်နှစ်လျှင် ၅ ဒသမ ၅ ကီလိုဂရမ် စားသုံးကြောင်း သိရှိရပါသည်။ အဆိုပါ သတင်းအချက်အလက်အရ မြန်မာပြည်သူများ၏ စားရေရိက္ခာဖူလုံရေးနှင့် ငါးအာဟာရဓာတ် ဖြည့်တင်းမှုအတွက် ရေချိုငါးမွေးမြူထုတ်လုပ်မှု၏ အရေးပါမှုအပိုင်းကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၏ ရပ်ကွက်၊ ကျေးရွာ၊ နိုင်ငံအနှံ့ရှိ ဈေးများတွင် ငါးမြစ်ချင်းအပါအဝင် မွေးမြူရေးငါးများအား အလယ်အလတ်ဝင်ငွေရှိသူများ သင့်တင့်သောဈေးနှုန်းဖြင့် လက်လှမ်းမီစွာ ဝယ်ယူရရှိနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ မွေးမြူရေးငါးထွက်ကုန်၏ ပြည်ပတင်ပို့ရောင်းချနိုင်မှု အခြေအနေအား လေ့လာမည်ဆိုပါက မွေးမြူငါးထွက်ကုန် စုစုပေါင်း၏ ၅ ဒသမ ၁၅ ရာခိုင်နှုန်း (၅၇၇၈၃ ဒသမ ၅၂၅) မက်ထရစ်တန်/တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၆၂၁ သန်းခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ အဓိကတင်ပို့နေသောနိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ အီရတ်၊ ကူဝိတ်နှင့် ဆော်ဒီအာရေဗျ နိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများ ဖြစ်ပါသည်။

ငါးမွေးတောင်သူများအနေဖြင့် အများပြည်သူစားသုံးသူများ ငါးအသားဓာတ်ရရှိရေးအတွက် မွေးမြူရေးငါးများ သင့်တင့်သောနှုန်းထားဖြင့် ဝယ်ယူရရှိနိုင်ရန် မွေးမြူထုတ်လုပ်ပေးခြင်းတွင် ဒေသ၌ ရရှိနိုင်သော သွင်းအားစုများဖြစ်သည့် ငါးမျိုး၊ ငါးအစာ၊ ဒေသနေပြည်သူများ ကြိုက်နှစ်သက်မှု၊ စီးပွားရေးတွက်ခြေကိုက်မှု စသည့်တို့အား ထည့်သွင်းစဉ်းစားမွေးမြူကြမှသာလျှင် ငါးမွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါသည်။

မွေးမြူနည်းပညာအပိုင်းမှ ရှုမြင်သုံးသပ်ရမည်ဆိုပါက ရေချိုငါးမွေးမြူရေး နည်းပညာသည် ငါးလုပ်ငန်းဦးစီးဌာနမှ စဉ်ဆက်မပြတ် နည်းပညာများ ဖြန့်ဖြူးပေးမှုကြောင့် ငါးမွေးမြူရေးသမားများအကြား အတန်အသင့်ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ဌာနနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်စီမံကိန်းများ၏ ပံ့ပိုးကူညီမှုဖြင့် အခြားသော အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်ထုတ်လုပ်နိုင်သည့်အထိ စနစ်တကျသိပ္ပံနည်းကျ ငါးမွေးမြူရေးဗဟုသုတရရှိနေကြပြီဖြစ်ပါသည်။

### ချိန်ဆချင့်ချိန်၍ မွေးမြူထုတ်လုပ်ကြရမည်

ယနေ့အချိန်ခါတွင် ရေချိုငါးမွေးမြူသူများသည် ငါးဈေးနှုန်းရရှိမှုနှင့် ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ရရှိမှု လျော့နည်းလာခြင်း၊ ငါးအစာဈေးနှုန်းကြီးမြင့်ခြင်း၊ ပြည်ပတင်ပို့သူများအတွက် ဈေးကွက်ဝယ်လိုအား ပုံမှန်ခန့်မှန်းမရခြင်း၊ ပြည်ပတင်ပို့ရန် ရည်ရွယ်၍ ငါးမြစ်ချင်းငါးတစ်မျိုးတည်းအား အများအပြားမွေးမြူထုတ်လုပ်ခြင်းကြောင့် ဈေးကွက် ဝယ်လိုအားပမာဏ၊ ဝယ်လိုအားခိုင်မာသော ငါး/ပုစွန် မျိုးစိတ်ကို ချိန်ဆချင့်ချိန်၍ မွေးမြူထုတ်လုပ်ကြရမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

- **ငါးမြစ်ချင်းငါးမျိုးသည် ရေချိုငါးမွေးမြူသူ အများဆုံးမွေးမြူကြပြီး ထုတ်လုပ်မှု၏ ၆၅ ရာခိုင်နှုန်းကျော်မှာ ငါးမြစ်ချင်းငါးမျိုးဖြစ်ပါသည်။ အခြားအဓိကစီးပွားဖြစ်မွေးမြူကြသည့် ငါးမျိုးများမှာ ငါးတန် ၁၅ ရာခိုင်နှုန်း၊ ရေချိုငါးမုတ် ၇ ရာခိုင်နှုန်းနှင့် ငါးကြင်းဖြူ ၄ ရာခိုင်နှုန်းတို့ဖြစ်**
- **ငါးမြစ်ချင်းမွေးမြူထုတ်လုပ်နိုင်မှု ကိန်းဂဏန်းဖြင့်ပင် ၂၀၁၈ ခုနှစ် FAO ကိန်းဂဏန်းအရ ကမ္ဘာ့ရေသတ္တဝါ မွေးမြူထုတ်လုပ်သည့် ထိပ်တန်း ၁၀ နိုင်ငံတွင် အဆင့် ၉ ဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ရေချိုငါးမွေးမြူထုတ်လုပ်မှုသည် အဆင့် ၇ ချိတ်နိုင်ခဲ့**

# မင်းဘူးမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**မင်းဘူး ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အပတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်က အဆိုပါဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးထွန်းထွန်းက မီးသတ်ဦးစီးဌာန၏ စွမ်းရည်(၄)ရပ်ဖြစ်သည့် မီးငြိမ်းသတ်ရေးစွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များ ပြည့်ဝစေရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် မီးသတ်တပ်ဖွဲ့၏ ရည်ရွယ်ချက်၊ ရည်မှန်းချက် လုပ်ငန်းတာဝန်များ၊ ချီတက်အလေ့ပြုခြင်း၊ မီးလောင်မှုအခြေခံသဘောတရားများ၊ အခြေခံမီးငြိမ်းသတ်နည်း၊ အရန်မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အရေးပေါ် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုနည်း၊ ပိုက်လိပ်၊ ပိုက်ခေါက်၊ ပိုက်ခေါင်းနှင့် ပိုက်ဆက်နည်းအမျိုးမျိုး၊ လှေကားလေ့ကျင့်ခန်း၊ အခြေခံကြိုးချည်နည်း၊ ကြိုးကူးလေ့ကျင့်ခန်း၊ ရေစိုလေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေး နည်းလမ်းများနှင့် မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်းစသည့်ဘာသာရပ်များကို ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ယင်းသင်တန်းသို့ မင်းဘူးမြို့ပေါ်ရှိ ရပ်ကွက်ကြီး(၄)ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား စုစုပေါင်း၅၀ တက်ရောက်ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။ **မောင်မောင်(မင်းဘူး)**



# ကျိုက်ထိုမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**ကျိုက်ထို ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင်းရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးဝေယံအောင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်လှစ်၍ သင်ကြားပို့ချရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ယင်းနောက် ရပ်ကွက်၊ ကျေးရွာများမှ တက်ရောက်လာသည့် သင်တန်းသားများအား အရန်မီးသတ်ဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ပြီး နည်းပြဆရာငါးဦးက မီးသတ်ပညာဘာသာရပ်၊ အခြေခံရှာဖွယ်ကယ်ဆယ်ရေးဘာသာရပ်တို့ကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

**လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။**

*စာမျက်နှာ ၁၆ မှ*

ငါးမွေးမြူထုတ်လုပ်မှုကဏ္ဍတွင်လည်း ပြည်တွင်းစားသုံးမှုလိုအပ်ချက်နှင့် ပြည်ပတင်ပို့မည့်ပမာဏကို ချင့်ချိန်မွေးမြူထုတ်လုပ်ရန်နှင့် မွေးမြူထုတ်လုပ်မှုစရိတ်ကို လျော့ကျစေပြီး ထုတ်လုပ်မှုတိုးတက်စေမည့် မွေးမြူနည်းစနစ်ကို ဘက်စုံပြောင်းလဲအသုံးချသွားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ငါးမွေးမြူရေးလုပ်ငန်းသည် လုပ်ငန်းသဘာဝအရ သက်ရှိသတ္တဝါအား မွေးမြူရသည့်အတွက် ဂရုစိုက်မှုလျော့နည်းပါက ရောဂါကျရောက်ခြင်း၊ မွေးမြူသည့်ရေထုညစ်ညမ်းခြင်းတို့ကြောင့် အချိန်မရွေး ပမာဏများစွာ ဆုံးရှုံးနိုင်သည့်အပြင် သဘာဝဘေးအန္တရာယ်၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများအား တိုက်ရိုက်တွေ့ကြုံရသည့် အခြေအနေရှိပါသည်။

မြန်မာ့ငါးမွေးမြူရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မွေးမြူထုတ်လုပ်သည့် နည်းပညာပိုင်းအနေဖြင့် ငါးမွေးမြူရေးပညာရှင်တို့က သုံးသပ်ရာတွင် မွေးမြူထုတ်လုပ်မှုစရိတ်ကို လျှော့ချခြင်း၊ မျိုးစိတ်အသစ် ပြောင်းလဲမွေးမြူခြင်း၊ ဒေသအခြေအနေနှင့် ကိုက်ညီသော မွေးမြူနည်းစနစ်များ ပြောင်းလဲကျင့်သုံးခြင်း၊ စီမံခန့်ခွဲမှုအလေ့အကျင့်များ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ဈေးကွက် အလားအလာကောင်းသော ရေချိုပုစွန်တုပ်ကြီး၊ ကျားပုစွန်၊ ငါးတန်၊ ကဏန်း၊ ဂျင်းခရုစသည်တို့ကိုလည်း တိုးချဲ့မွေးမြူ၍ ဈေးကွက်သတင်းဖြန့်ဖြူးမှု၊ ဈေးကွက်ပြောင်းလဲမှုနှင့် ချိန်ညှိခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

### သွင်းအားစုအရင်းနည်းနည်း အမြတ်များများ

ငါးမြစ်ချင်းမွေးမြူခြင်းမှသာမဟုတ် ပုစွန်မွေးမြူခြင်းတို့တွင်လည်း သွင်းအားစုအရင်းနည်းနည်း အမြတ်များများရမှသာ ရေရှည်ရပ်တည်နိုင်မည်ဖြစ်ပါသည်။ Best Management Practice စနစ်ကျင့်သုံးခြင်းဖြင့် အကျိုးအမြတ် ပိုမိုရရှိလာသည်ကို အိမ်နီးချင်းနိုင်ငံများတွင် အောင်မြင်မှုသာဓကများရှိပါသည်။ ကန်ပြုပြင်ခြင်း၊ မွေးမြူမှုအစာ၊ မွေးကာလ၊ ဈေးကွက်ရောက်ရှိသည့်အထိ ထုတ်လုပ်မှုကွင်းဆက်ကို အစဉ်လေ့လာသုံးသပ်ခြင်းပြုလုပ်ပြီး ငါးမွေးမြူသူများ အစုအဖွဲ့အလိုက် စုစည်းဖော်ဆောင်၍ ဈေးကွက်ထိုးဖောက်သင့်ပါကြောင်း သုံးသပ်အကြံပြုလိုပါသည်။

မြန်မာနိုင်ငံသည် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းအခြေအနေသည် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ ရေငန်ပုစွန်အများအပြား ထုတ်လုပ်နိုင်သည့် အလားအလာများရှိပါသည်။ ကမ်းရိုးတန်းဒေသများသည် အကြီးစားစက်မှုလုပ်ငန်းများ နည်းပါးခြင်းနှင့် လူဦးရေထူထပ်မှုနည်းသဖြင့် ရေ/မြေ ညစ်ညမ်းမှုများနည်းခြင်းကြောင့် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ပတ်ဝန်းကျင်အခြေအနေကောင်းများရှိနေသဖြင့် တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ရေငန်ပုစွန်ဖြူမွေးမြူကန်ဧရိယာ စုစုပေါင်း ၁၆၇၁ ဒသမ ၈၂ ဧက၊ ကန်လုံးရေအားဖြင့် ၁၇၁ ကန်ဖြင့် အဆင့်မြင့်နည်းပညာများဖြင့် မွေးမြူထုတ်လုပ်လျက်ရှိရာ ဒီဇင်ဘာလအထိ ထုတ်လုပ်မှုတန်ချိန်ပေါင်း ၅၉၄၆ ဒသမ ၀၉၆ တန် ထုတ်လုပ်နိုင်ခဲ့ပြီး အရင်းအမြစ်များစွာ ပိုင်ဆိုင်မှုရှိသဖြင့် မွေးမြူရေးတိုးချဲ့နိုင်ရန် အလားအလာကောင်းရှိသော ဒေသတစ်ခုဖြစ်၍ မြေလွတ်၊ မြေရိုင်းများ၊ စိုက်ပျိုး၍မရသည့် ဆားငန်ရေဝင်ရောက်သည့်မြေများတွင် ရေသတ္တဝါမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တနင်္သာရီတိုင်းဒေသကြီးအတွင်း ပုစွန်မွေးမြူထုတ်လုပ်မှု တိုးတက်စေရန် ပုစွန်မွေးကန်များတူးဖော်ရေးအတွက် မြေအသုံးချခွင့်များရရှိရေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

ငါးမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးအရ အရေးကြီးသော ရေသတ္တဝါများ၏ မွေးမြူသည့်အဆင့်အားလုံးအတွက် သင့်လျော်သော မွေးမြူနည်းပညာများဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရမည်ဖြစ်ပြီး အထူးသဖြင့် အရည်အသွေးကောင်းမွန်သော ငါး/ပုစွန်သားပေါက်များ လိုအပ်ချက်ပြည့်မီစွာ အမြဲဖြည့်ဆည်းထောက်ပံ့ပေးနိုင်မည့် အစီအမံများ၊ တာဝန်သိစိတ်ဖြင့် သဘာဝမျိုးငါးနှင့် သားပေါက်များကို စုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊ ပိုမိုကောင်းမွန်သော သားဖောက်ရုံစီမံခန့်ခွဲမှုကျင့်စဉ် (Better Hatchery Management Practices)၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practices) တို့အား လိုက်နာဆောင်ရွက်ရေးတို့ကို အမျိုးသားရေးမူဝါဒ ချမှတ်ဆောင်ရွက်ခြင်း၊ ငါး/ပုစွန်အစာတွင် အပင်အရင်းအမြစ် ကုန်ကြမ်းများ အစားထိုးအသုံးပြု၍ မွေးမြူသော ရေသတ္တဝါများ၏ အစာခြေနိုင်စွမ်း တိုးတက်ကောင်းမွန်အောင်ပြုလုပ်သော နည်းပညာများ ဖော်ထုတ်ရေး၊ အသစ်ပေါ်ထွက်လာသော ရေသတ္တဝါဆိုင်ရာ ရောဂါများ ပတ်ဝန်းကျင်ရေပြင်ရှိ ရေသတ္တဝါများသို့ ကူးစက်မှု ရှိ/မရှိအား စစ်တမ်းကောက်ယူခြင်းကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး အာဆီယံဒေသတွင်းရှိ နိုင်ငံများအကြား ရောဂါထိန်းချုပ်မှုစံများအတိုင်း ချမှတ်အကောင်အထည်ဖော်သွားရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေပြီး အကျိုးထိရောက်သော အစာများကျွေး၍ အရည်အသွေးကောင်းသော မွေးမြူရေး ငါး/ပုစွန်များ ထုတ်လုပ်ရေး၊ မွေးမြူရေးရေထွက်ကုန်များကို အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားရာ၌ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ Aquaculture Certification လမ်းညွှန်ကို အခြေပြုပြီး ဒေသတွင်းနိုင်ငံများ၏ အခြေအနေနှင့် ကိုက်ညီသည့် အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### သင့်တော်သော အစာကျွေးစနစ်များ ပြောင်းလဲ

လက်ရှိကာလ၌ မြန်မာနိုင်ငံ၏ ရေချိုငါးမွေးမြူရေးလုပ်ငန်းတွင် လုပ်ငန်းလည်ပတ်စရိတ်၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းမှာ အစာဖိုးကုန်ကျစရိတ်ဖြစ်ပါသည်။ ထို့ကြောင့် ရေချိုငါးမွေးမြူရေးလုပ်ငန်းစီးပွားရေး တွက်ခြေကိုက်ရန် ထုတ်လုပ်မှုကုန်ကျစရိတ် မတိုးလာစေဘဲ ငါးအစာအသုံးချမှုပိုမိုထိရောက်ပြီး ငါးကုန်တက်တိုးလာရန် ငါးအစာအရည်အသွေး ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်း၊ သင့်တော်သော အစာကျွေးစနစ်များ ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

အသေးစားငါးမွေးမြူရေးသမားများအနေဖြင့် Farm Made Feed ကို ဒေသတွင် ရရှိနိုင်သည့် ကုန်ကြမ်းများဖြင့် မွေးမြူသည့်ငါး၏ အာဟာရလိုအပ်ချက်နှင့် ကိုက်ညီစွာ မိမိမွေးကန်တွင် ဖော်စပ်ကျွေးခြင်းဖြင့်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်ကိုလျှော့ချနိုင်မည် ဖြစ်ပါသည်။

ငါးမျိုးစိတ်အသစ် ပြောင်းလဲမွေးမြူခြင်းနှင့် စပ်လျဉ်း၍ ဈေးကွက်အလားအလာကောင်းသော ရေချိုပုစွန်ကိုလက်ရှိ ကေကျယ် ငါးမွေးမြူကန်များတွင် ငါးများနှင့် ရောနှောမွေးမြူခြင်းဖြင့်လည်းကောင်း၊ ရေချိုပုစွန်သီးသန့်မွေးမြူခြင်းဖြင့်လည်းကောင်း၊ ဒေသရင်း ရေချိုငါးမျိုးများဖြစ်သည့် ငါးရံ့၊ ငါးပြေမတို့ကို မြေကန်ဖြင့် မွေးမြူခြင်းတို့ဆောင်ရွက်သင့်ပါသည်။ ပြည်ပဝယ်လိုအား ဈေးကွက်သစ်ရှာဖွေရာ၌ နိုင်ငံတကာဈေးကွက် တိုးချဲ့နိုင်ရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းရှင်များမှ Good Aquaculture Practices ဖြင့် မွေးမြူပြီး ရေထွက်ကုန်ပြုပြင်ထုပ်ပိုးသူများမှလည်း Good Manufacturing Practices ဖြင့် ဆောင်ရွက်၍ ကုန်သွယ်သူများနှင့် Contract Farming ပြုလုပ်သင့်ပါသည်။

ရေမြေအခြေအနေကောင်းများရှိသော ကမ်းရိုးတန်းဒေသများ၌ ပြည်ပဈေးကွက်ရှိသော ရေငန်ပုစွန်နှင့် ရေငန်ငါးများကို အဆင့်မြင့်နည်းပညာများအသုံးချ၍ မွေးမြူထုတ်လုပ်ကြရမည်ဖြစ်သကဲ့သို့ ပြည်ပတင်ပို့သူများမှလည်း မြန်မာမွေးမြူရေးရေထွက်ကုန်များ နိုင်ငံတကာဈေးကွက်ရရှိရန် နိုင်ငံတကာကုန်သွယ်မှုပြပွဲများသို့ သွားရောက်မိတ်ဆက်ပြသခြင်းဖြင့် ပြည်ပတင်ပို့နိုင်မှုများ တိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက တစ်နိုင်တစ်ပိုင်ငါးမွေးတောင်သူများ၏ ဒေသတစ်ခု ထုတ်ကုန်တစ်ခု လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ရင်းနှီးငွေ ထုတ်ချေးပေးခြင်း၊ ငါးမွေးမြူထုတ်လုပ်သူများမှ လုပ်ငန်းကြီး/ လတ်/ ငယ် အလိုက် အစုအဖွဲ့များ စုဖွဲ့၍ ပြည်တွင်း/ပြည်ပ ဝယ်လိုအား၊ ဈေးနှုန်း တွက်ခြေကိုက်မှုအပေါ် နှိုင်းဆမွေးမြူခြင်းဖြင့် မြန်မာ့ငါးမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

## လွိုင်ကော်မြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်းဆင်း

**လွိုင်ကော် ဇန်နဝါရီ ၁၃**

ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် လွိုင်ကော်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ပူးပေါင်း၍ ကယားပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးနှင့် လုသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန လေ့ကျင့်ပျိုးထောင်ရေး၏စင်တာ သင်တန်းခန်းမ၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် ကယားပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှက အမှာစကားပြောကြားပြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် ပြည်နယ်အစိုးရအဖွဲ့မှပေးအပ်သော ဆိုင်ကယ်ပြုပြင်ရာတွင် အသုံးပြုသည့် ကိရိယာများ(Tools Box) သင်ထောက်ကူ ပစ္စည်းများပေးအပ်ခဲ့ကြသည်။ ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ဒေသခံတိုင်းရင်းသားသင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**



ကယားပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှ သင်တန်းသားများအား စက်ပြင်အထောက်အကူပြု ကိရိယာများ ပေးအပ်စဉ်။

## သုံးခွမြို့နယ်၌ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်

**သုံးခွ ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqp)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဒေါ်နွေးနွေးမြင့်သိန်းက ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော ငါးမျိုးစိုက်ထည့်ခြင်းနှင့် အသိပညာပေးအတတ်ပညာပေး သင်တန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းဆရာများအနေဖြင့် ကဏ္ဍအလိုက်လုပ်ငန်းခွင်တွင် ကျွမ်းကျင်သူများဖြစ်သည့်အတွက် သင်တန်းပို့ချရာတွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်သင်တန်းများကို ပို့ချခြင်းကြောင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးပြုသည့်အခါ များစွာအကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားသည်။



အဆိုပါသင်တန်းကို သင်တန်းဆရာမ နှစ်ဦးက သုံးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## ခရမ်းမြို့နယ် ကရင်ကန်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်း လွှဲပြောင်း

**ခရမ်း ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ကန်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ ချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ထားထားနိုင်က အမှာစကားပြောကြားပြီး စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကရင်ကန်ကျေးရွာ ကော်မတီဝင်များထံသို့ လုပ်ငန်း လွှဲပြောင်းမှတ်တမ်းလွှာအား လွှဲပြောင်းပေးအပ်ခဲ့ရာ ကော်မတီဝင်များကိုယ်စား ကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ကရင်ကန်ကျေးရွာ၌ VDP ဖြင့် ကျေးရွာတွင်းလမ်း အရှည်ပေ ၆၁၀၊ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင် ငွေကျပ် ၂၅ သိန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၇၅ သိန်းကို အသုံးပြုကာ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင် ရွက် ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။

**မောင်နိုင်**

## ကျိုက်လတ်မြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျိုက်လတ် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက် ၉နာရီမှစတင်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ပထမနေ့အား စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပသည်။

ပွဲတော်၌ ဌာနဆိုင်ရာပြခန်းများ၊ MSME ပြခန်း၊ ကာယ၊ ဉာဏပြိုင်ပွဲများ၊ စာပေဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ စာအုပ်အရောင်းဆိုင်များ၊ ဧည့်ခံဆိုင်းဝိုင်းတို့ ထည့်သွင်းကျင်းပဆောင်ရွက်ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ နှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ပြိုင်ပွဲများအား ခရိုင်ပညာရေးမှူး ဦးဝင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

## စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆုရရှိသည့် စာရေးဆရာ မောင်မောင်ချစ်ဦး (မုံရွာ)၏ "မြန်မာ့မြေပေါ်မှ ပြည်ပစစ်သင်္ချိုင်းများ၏သမိုင်းပုံရိပ်များ" စာအုပ်ကို တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် စာရေးသူသည် မြန်မာနိုင်ငံအတွင်းရှိ စစ်သင်္ချိုင်းများကို အထူးလေ့လာ သုတေသနပြုထားကာ တစ်နေရာတည်းတွင် တစ်ထိုင်တည်း လေ့လာရေးသားခဲ့ခြင်း မဟုတ်ပေ။ စစ်အတွင်းက အင်္ဂလိပ်၊ ဂျပန်စစ်သားများ၏ သင်္ချိုင်းများရှိရာ မြို့ရွာအနှံ့အပြားသို့ သွားရောက်ကွင်းဆင်းကာ ငါးနှစ်တာမျှ သုတေသနပြုရေးသားခဲ့သည့် စာအုပ်ဖြစ်သည်။ ရန်ကုန်မြို့ရှိ စစ်သင်္ချိုင်းများ၊ သံဖြူဇရပ်စစ်သင်္ချိုင်း၊ ထောက်ကြံ့စစ်သင်္ချိုင်း၊ သရက်မြို့ တူရကီစစ်သင်္ချိုင်း၊ မိုးကုတ်မြို့နယ် ဘားနဲ့ဒ်စစ်သင်္ချိုင်း၊ စလင်းမြို့၊ မင်းဘူးမြို့၊ မုံရွာ၊ ဆားလင်းကြီး၊ မင်းတိုင်ပင် သာယာဝတီမြို့ဝန်းကျင်မှ အင်္ဂလိပ်နယ်ချဲ့တို့၏ အုတ်ဂူများ၊ ရေဝေးသုသာန်ဝင်းထဲမှ ဂျပန်စစ်သင်္ချိုင်း၊ ပုဂံ၊ ကျိုက်ထို၊ မုံရွာ၊ သန့်ပင်ကန်ရွာတို့မှ ဂျပန်စစ်သင်္ချိုင်းများ၊ မော်လူး၊ မီးလောင်ဖျားရွာ၊ ငါန်းဇွန်မြို့၊ မိတ္ထီလာမြို့နယ်အတွင်းမှ ဂျပန်ရုပ်ကြွင်းများ၊ ကမ္ပည်းတိုင်များ စသည်ဖြင့် စုံစုံလင်လင် သုတေသနပြု ရေးသားထားသည်။ ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံသားများ၏ သေဆုံးမှုအကြောင်းနှင့် မှတ်တမ်းများကို စာဖတ်ပရိသတ်များ သိရှိနိုင်စေရန် စာရေးသူသည် လက်လှမ်းမီသမျှ အပင်ပန်းခံကာ ကြိုးစားအားထုတ်ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ထို့အတူ စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာ ဘုန်းမြင့်ချို (သာယာဝတီ)၏ "ပိုးကိုက်ရာကင်း ပန်းတစ်ခင်းကဗျာများ" စာအုပ်ကို တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် ကဗျာပုဒ်ရေ ၆၆ ပုဒ် ပါရှိသည်။ မြန်မာကဗျာဖွဲ့နည်းစနစ်များ မှန်ကန်ပြီ လေးလုံးစပ်၊ ဒွေးချိုး၊ လေးဆစ်ချိုး၊ တေးထပ်စသည်ဖြင့်ကဗျာဖွဲ့နည်းများ စုံလင်အောင်ရေးဖွဲ့ထားသည်။ ကျေးလက်ဓလေ့၊ အတွေးအမြင်၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ချစ်မှုရေးရာ စသည်ဖြင့် အကြောင်းအရာပိုင်းတွင် စုံလင်သကဲ့သို့ တင်ပြပုံ၊ ရှုမြင်ပုံတို့လည်း ဆန်းသစ်သည်ကို တွေ့ရသည်။ တိုင်းချစ်ပြည်ချစ်စိတ်နိုးကြားစေသော ကဗျာများ၊ အရာရာတွင် စည်းကမ်းလိုက်နာစေလိုသော စေတနာကဗျာများ၊ နှလုံးသားအာဟာရဖြစ်စေမည့် ကဗျာများ စသည်ဖြင့် အမျိုးအမည် အကြောင်းအရာစုံ၊ ရှုထောင့်စုံမှ ဂုဏ်၊ ရသ၊ အလင်္ကာ စုံလင်စွာဖော်ကျူးရေးဖွဲ့ထားသော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

ဇန်နဝါရီ ၁၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆၃၁၀၀၈၉)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၅၁၆၅၈၃)ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၁၈၆၆၇၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်ခရိုင် ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့၌ တရားမဝင် အခြားသစ် ၄ ဒသမ ၈၅၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၆၉၈)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၄၈၆၉၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ဇန်နဝါရီ ၁၂ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၄၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ် တဲကြီးကျေးရွာ စခတ(၈) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Suzuki Swift မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၅၀ ဒသမ ၂၄၀ တန်၊ ကျွန်းသစ် ၂ ဒသမ ၉၉၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၇၂၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ် မဲနယ်တောင်ကျေးလက်ဖွံ့ဖြိုးရေးလမ်း၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၃၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၁ ရက် နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၈၀၀၂၆၅၂)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ ပင်လယ်ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ သတင်းစဉ်

## တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်ရှိ နေအိမ်၌ ဗို့အားထိန်းချုပ်စက်အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်

**တောင်ကြီး ဇန်နဝါရီ ၁၃**

တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် ပတ္တမြားလမ်း နယ်မြေ (၁၂) အိမ်အမှတ် (ရ/ ၅၄)နေ ဦးစိုင်းလောဝ်ဟိန်း ရွှေတြိဂံကားဂိတ်ပိုင်ရှင်၏ အလျားပေ ၃၀၊ အနံ ၂၅ ပေအရွယ်ရှိ ပျဉ်ထောင်ပျဉ်ခင်းပျဉ်ကာ နှစ်ထပ်နေအိမ်၌ ဇန်နဝါရီ ၁၂ ရက် ည ၁၀ နာရီခွဲခန့်က ရေခဲသေတ္တာနှင့်တွဲလျက်အသုံးပြုထားသည့် ဗို့အားထိန်းချုပ်



စက် အပူလွန်ကဲရာမှ မီးလောင်ခဲ့ပြီး ၎င်းနေအိမ်နှင့် ကပ်လျက်ရှိ နှစ်ထပ်နေအိမ်အပေါ်ထပ်သို့ မီးကူးစက်လောင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ဒုတိယဦးစီးမှူး၊ တောင်ကြီးခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ည ၁၁ နာရီတွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် သေဆုံးခြင်းမရှိကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူ ဦးစိုင်းလောဝ်ဟိန်းအား တောင်ကြီးနယ်မြေ ရဲစခန်းမှ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အမရပူရမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ဇန်နဝါရီ ၁၂ ရက်က ဓားဦးချွန်ကိုင်ဆောင်သူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၂ ရက် နံနက် ၁၁ နာရီတွင် မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်းလှည့်ကင်းဆောင်ရွက်နေစဉ် ရေကြည်ပေါက်ကျေးရွာလမ်းပေါ်၌ အဆိုပါကျေးရွာနေ သန်းတိုးအောင်(၂၉)နှစ်အား မသင်္ကာတွေ့ရှိစစ်ဆေးရာ ၎င်း၏ခါးကြားမှ အရိုးအသွား ၂၄ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းတိုးအောင်အား မြစ်ငယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

## မော်လမြိုင်မြို့နယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ဇန်နဝါရီ ၁၂ ရက်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား၍နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မော်လမြိုင်မြို့နယ် ဖဲထော်ကျေးရွာနေ ဦးထွန်းလှိုင်(၅၆)နှစ်၏ နေအိမ်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ကတိုးရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များ၊ ကော့နှပ်ကျေးရွာရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အား စိစစ်ခဲ့ရာ ဦးထွန်းလှိုင်၏နေအိမ်ရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိအိမ်နံရံသို့ မီးကူးစက်လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ထွန်းလှိုင်အား မော်လမြိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

## မင်းဘူးမြို့နယ်၌ ရေနံစိမ်းများခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်က ရေနံစိမ်းများ ခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် ည ၁၀ နာရီခွဲတွင် မင်းဘူးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မင်းဘူးမြို့ဘက်ခြမ်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်စဉ် (၄)ရပ်ကွက် ရေလွှဲပေါက်ရပ်ရှိ လှေဆိပ်၌ မသင်္ကာဖွယ်ရာ လှေတစ်စင်းရပ်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးရာ မန်းကျိုးကျေးရွာနေ မန်းရင်း(၃၈)နှစ်အား စက်လှေ၏ ဝမ်းဗိုက်အတွင်း၌ ပီနံအိတ်အတွင်း ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် ရေနံစိမ်း ၁၆ ဂါလန်ခန့်စီပါ ရေနံစိမ်းအိတ် ၁၄ အိတ် စုစုပေါင်း ၂၂၄ ဂါလန်နှင့်အတူ တွေ့ရှိရပြီး မန်းရေနံမြေဝင်းအတွင်းမှ ခိုးယူလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် မန်းရင်းအား မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ



## ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကြီးကြပ်ရေးမှူးသင်တန်းဖွင့်

ပဲခူး ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော ကြီးကြပ်ရေးမှူးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာသက်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး) ကျောင်းအုပ်ကြီး ဦးအောင်နိုင်စိုးက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်း ပြောကြားသည်။ အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သက်ထက်

## ဘီးလင်းမြို့နယ်၌ (၁၀၁) ကြိမ်မြောက် စာရေးတံမဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ဘီးလင်း ဇန်နဝါရီ ၁၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြာသိုလပြည့်နေ့၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲ ၁ နာရီမှစတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ (၁၀၁) ကြိမ်မြောက် စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဘီးလင်းမြို့နယ် အတွင်းရှိ ဘုန်းကြီးကျောင်း ၅၀ မှ ဆရာတော် သံဃာတော် အပါး ၆၄၀ တို့က ဘိုးရာဇာရပ်ကွက် လေသာဘုန်းကြီးကျောင်းမှစတင်ကာ ဗိုလ်ချုပ်လမ်းမတစ်လျှောက် ဗိုလ်တေဇရပ်ကွက် ကဇိုင်းပရိယတ္တိဘုန်းကြီးကျောင်းရှေ့အထိ မဏ္ဍပ်များ၌ စာရေးတံမဲများ နှိုက်လှူခြင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို စေတနာသဒ္ဓါတရား ထက်သန်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ညောင်တုန်းမြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး

ညောင်တုန်း ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းခင်းခြင်းလုပ်ငန်းကိုယနေ့နံနက်ပိုင်းတွင်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ၊ လမ်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့က တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော စက္ကေ့-အင်းမ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



### နိုင်ငံတကာအားကစားမြင်ကွင်း



စပိန်စူပါဖလား လက်ခံရယူပြီးနောက် ဘာစီလိုနာအသင်းသားများ အောင်ပွဲခံစဉ်။

## ရီးရဲမက်ဒရစ်ကို ဂိုးပြတ်အနိုင်ယူကာ စူပါဖလားကို (၁၅) ကြိမ်မြောက် ဘာစီလိုနာအသင်း ဆွတ်ခူး

စပိန်စူပါဖလားဗိုလ်လုပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် နာမည်ကြီး ရီးရဲမက်ဒရစ်နှင့်ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက အကြိတ်အနယ်ကစားပြီး ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ (၁၅) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်း ပွဲအစ ငါးမိနစ်တွင် တိုက်စစ်ကစားသမား အမ်ဘာပေက ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ နောက်ပိုင်းပွဲချိန်များတွင် ပြိုင်ဘက် ဘာစီလိုနာအသင်း၏ တရစပ်ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဟန့်တားနိုင်ခြင်းမရှိဘဲ သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။

ပွဲကစားချိန် ၅၆ မိနစ်တွင် ဘာစီလိုနာအသင်း ဂိုးသမား ဆက်ဇ်နီ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သော်လည်း အသင်းကစားသမားများက ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။

ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို အမ်ဘာပေနှင့် ရိုဒရီဂိုတို့က သွင်းယူပေးပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ယာမဲလ်၊ လီဝမ်ဒေါ်စကီး၊ ရာဖင်ညာနှင့် ဘဲလ်ဒီတို့က သွင်းယူပေးခဲ့သည်။ ဘာစီလိုနာအသင်းမှ တောင်ပံကစားသမား ရာဖင်ညာ ခြေစွမ်းပြသခဲ့ပြီး သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ ၎င်းသည် အဆိုပါ သွင်းဂိုး နှစ်ဂိုးကြောင့် ယခုနှစ်ရာသီတွင် သွင်းဂိုး ၁၉ ဂိုး ရှိလာပြီဖြစ်သည်။

ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့သည် စပိန်စူပါဖလားပြိုင်ပွဲ ဗိုလ်လုပွဲ၌ ယခုအကြိမ်တွေ့ဆုံမှုမှာ သုံးကြိမ်ဆက် တွေ့ဆုံမှုဖြစ်သည်။ ၂၀၂၃ ခုနှစ်က စပိန်စူပါဖလားဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားပြီး ၂၀၂၄ ဗိုလ်လုပွဲတွင် ရီးရဲမက်ဒရစ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားနိုင်သည်။ အောင်ဇော်

## တစ်ယောက်လျော့ မန်ယူက အာဆင်နယ်ကို အနိုင်ရပြီး အက်ဖ်အေဖလား စတုတ္ထအဆင့် တက်လှမ်း

အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်မှ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် နာမည်ကြီး အာဆင်နယ်နှင့် မန်ယူအသင်းပွဲစဉ်၌ မန်ယူအသင်းက ပယ်နယ်တီ အဆုံးအဖြတ်တွင် ငါးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိကာ စတုတ္ထအဆင့်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ကန်သွင်းမှုအသာနှင့်အတူ မန်ယူအသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ မန်ယူအသင်းက ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုအောက် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး ရံဖန်ရံခါမှသာ အာဆင်နယ်အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။

ပွဲကစားချိန် ၆၁ မိနစ်တွင် မန်ယူခံစစ်ကစားသမား ဒါးလော့ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ မိနစ် ၇၀ တွင် အာဆင်နယ်ကစားသမား အိုဒီဂတ်၏ ပယ်နယ်တီကန်သွင်းမှုကို မန်ယူဂိုးသမား ဘာရင်ဒါ လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။

သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ တွင်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ မန်ယူအသင်းက ငါးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်ကို အနိုင်ယူကျော်ဖြတ်ကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သော မန်ယူအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်တွင် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ အောင်ဇော်

အာဆင်နယ်ကွင်းလယ်ကစားသမား ဒက်ကလန်ရိုက်စ်၏ ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးတစ်ရပ်ကို မန်ယူဂိုးသမား ဘာရင်ဒါ ပုတ်ထုတ်ကာကွယ်စဉ်။





# မြိတ်မြို့ တောကျောင်းပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တောကျောင်းပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၂၁၀ တို့အား အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ တောကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ အားဖူးမြော်၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်စိုး ၏သမီး ကျွန်မ မစုမေစိုး ၉/တကန(နိုင်)၂၃၄၆၃၂ ၏ နိုင်ငံကူးလက်မှတ် MF 581 347 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉ ၇၆၂ ၆၆၂ ၁၀၀

### မွေးသက္ကရာဇ်အမှန်

ပျဉ်းမနားမြို့၊ မဲပေါက်ကျေးရွာနေ ဦးကျော်ဝင်း ၏သမီး ကျွန်မ ဒေါ်ဇင်မာဦး ၉/ပမန(နိုင်)၂၅၉၂၀၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀–၁၀–၁၉၉၈ ဖြစ်ပါကြောင်း။

**ဒေါ်ဇင်မာဦး**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/6357,6H/6356 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန သန်လျင်ခရိုင်/တွံတေးခရိုင် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်ခရိုင်/တွံတေးခရိုင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်/ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား လုပ်ငန်းများ၏ လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | –(၁၅–၁–၂၀၂၅)ရက်(ဗုဒ္ဓဟူးနေ့) |
| **လျှောက်လွှာပိတ်မည့်ရက်** | –(၂၈–၁–၂၀၂၅)ရက်(အင်္ဂါနေ့) ၁၂:၀၀ နာရီအထိ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | –(၃၀–၁–၂၀၂၅)ရက်(ကြာသပတေးနေ့) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်အချိန်** | –နံနက် (၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | –လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ သန်လျင်ခရိုင်၊ အမှတ် ၁၁၃၆/၁၊ ပိတောက်လမ်း၊ ဘုရားကုန်း အဆင့်–၁၊ ဘုရားကုန်းကျေးရွာ၊ စစ်စီးတော၊ သန်လျင်မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း–၀၉–၄၂၈၂၀၇၆၉၀ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှော်ဘီခရိုင်/တိုက်ကြီးခရိုင် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီခရိုင်/တိုက်ကြီးခရိုင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်/ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား လုပ်ငန်းများ၏ လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | –(၁၅–၁–၂၀၂၅)ရက်(ဗုဒ္ဓဟူးနေ့) |
| **လျှောက်လွှာပိတ်မည့်ရက်** | –(၂၈–၁–၂၀၂၅)ရက်(အင်္ဂါနေ့) ၁၂:၀၀ နာရီအထိ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | –(၃၁–၁–၂၀၂၅)ရက်(သောကြာနေ့) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်အချိန်** | –နံနက် (၁၀:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | –လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီခရိုင်၊ မင်္ဂလာဒုံမြို့နယ်။ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီခရိုင်၊ အမှတ် ၂၅၃(ခ)၊ ပုလဲမြို့သစ်(ဘိုခြံလမ်း)၊ မင်္ဂလာဒုံမြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့် လည်းကောင်း၊ ဖုန်း–၀၉–၄၄၂၀၇၄၈၉၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ်များတွင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်/ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | –(၁၄–၁–၂၀၂၅)ရက်(အင်္ဂါနေ့) |
| **လျှောက်လွှာပိတ်မည့်ရက်** | –(၂၇–၁–၂၀၂၅)ရက်(တနင်္လာနေ့) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | –(၂၈–၁–၂၀၂၅)ရက်(အင်္ဂါနေ့) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်အချိန်** | –နံနက် (၉:၃၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | –ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ်(၁၁+၁၂)၊ (၉၁)ရပ်ကွက် ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း–၀၉–၄၂၅၀၀၀၁၇၉ နှင့် ၀၉– ၄၅၁၃၉၂၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၂)၊ ရွှေဥဩလမ်း၊ မြေကွက်အမှတ် (၂၅၂/၁၇)၊ အကျယ်အဝန်း (၃၃၀၅)စတုရန်းပေရှိ ဒေါ်အေးအေးမူ (၁၂/မဂဒ (နိုင်) ၀၇၀၄၂၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးမူ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ ဦးဘဝင်းလမ်း၊ မြေကွက်အမှတ် (၉၁၅)၊ အကျယ်အဝန်း (၅၀ပေ × ၅၀ပေ)ရှိ ဦးလှငွေ (ISN-၅၀၈၉၉၅)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးမောင်စန်း (၉/တသန (နိုင်) ၀၀၁၂၇၉) နှင့် ဒေါ်ခင်နှင်းဦး (၉/တသန (နိုင်) ၁၁၃၇၀၂)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

**ဖခင်အမည်မှန်**

လယ်ဝေးမြို့၊ အထက (သဲကောကြီး) Grade–5 မှ မရင်ခုနှ်ဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၉/လဝန (နိုင်) ၂၀၆၀၇၇ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

မော်လမြိုင်မြို့ S.A.M ကိုယ်ပိုင်အလယ်တန်းကျောင်း Grade–4 Mars မှ စောအောင်နေဦး ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ စောရှားထွန်းကျော် နှင့် နန်းဝင်းသီရိစံ ဖြစ်ပါကြောင်း။

**စောရှားထွန်းကျော်**
**နန်းဝင်းသီရိစံ**

### မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ အထက(ပန်းတောင်း) Grade–10 မှ မမေဖူးမောင်၏ မိဘအမည်မှန်မှာ ဦးမင်းထက်စိုးသူ ၇/ပတန(နိုင်) ၁၀၂၄၀၅ နှင့်ဒေါ်ခင်စန်းဦး ၇/ပတန(နိုင်) ၁၄၄၂၄၀ဖြစ်ပါကြောင်း။

**ဦးမင်းထက်စိုးသူ၊ ဒေါ်ခင်စန်းဦး**

### ပတ်စ်ပို့ပျောက်

(ဘ) ဦးအောင်တင့် ၏သား ညောင်တုန်းမြို့၊ အသရောင်၊ ကတုက္ကမကျေးရွာနေ မောင်ချမ်းမြေ့အောင် ၁၄/ညတန(နိုင်)၁၈၈၈၇၅ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉ ၇၇၄ ၆၈၀ ၄၀၆

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/53900 ယာဉ်လက်ဝယ်ရှိသူ Billion Moe Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7092, Toyota Wish ANE11,Station Wagon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကိုကို ၁၂/အစန(နိုင်) ၀၉၀၆၂၈၈ (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/52356, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှသန်း ၁၄/ကကထ(နိုင်)၁၅၅၈၀၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်ခရိုင်တရားရုံး**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၈**

| | | |
|---|---|---|
| ၁။ ဦးဝင်းအောင် | နှင့် | ၁။ ဦးသိန်းဇော် |
| ၂။ ဦးမြင့်အောင် | | ၂။ ဦးမောင်မောင် |
| (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် | | ၃။ ဦးနိုင်ချယ်ရီ(ခ) |
| ဒေါ်အိသဲဖြူ) | | ဦးနိုင်ဗညားတိုက်အောင် |
| | | ၄။ ဦးကျော်ကျော်နိုင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

ဒေစီလမ်း၊ ကြွံခိုင်ရေးရပ်၊ သံဖြူဇရပ်မြို့နယ်နေ ၁။ ဦးနိုင်ချယ်ရီ (ခ) ဦးနိုင်ဗညားတိုက်အောင်၊ ၂။ ဦးကျော်ကျော်နိုင်(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ တရားလိုများ လက်ရှိအသုံးပြု နေထိုင်သောမြေအတွင်း တရားလိုများ သဘောမတူဘဲ တရားပြိုင်များ ကာရံထားသော ဝင်းခြံအစိတ်အပိုင်းအား ဖျက်သိမ်းဖယ်ရှားပြီး မြေကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၂၈ရက် (၁၃၈၆ခုနှစ်၊ ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်သိန်းဦး)**
**ခရိုင်တရားသူကြီး**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

